# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည်လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သောသူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည်လည်းကောင်း ချမ်းသာ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်၊ စနေနေ့။ Saturday, 9 July 2022 ၁၀၇၉၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနား ကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇူလိုင် ၈**

၂၀၂၂ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများ အပါအဝင် ပင့်ဖိတ်ထားသည့် ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင်များနှင့် ဇနီးများ၊


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**


**ယနေ့ ဖတ်စရာ**


## ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား ကျောင်းသူများ ထိုင်းနိုင်ငံမှ စင်ကာပူနိုင်ငံသို့ လေ့လာရေးခရီး ဆက်လက်သွားရောက်

စာမျက်နှာ » ၅

## လူ့အခွင့်အရေးကောင်စီ၏ မူဝါဒများကို ကောင်စီကိုယ်တိုင် လိုက်နာရန်ပျက်ကွက်

စာမျက်နှာ » ၇

## ကိုဗစ်-၁၉ ရောဂါ ခံတပ်ခဲ့အတည်ပြုလူနာသစ် ၁၆ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၃၃ ရာခိုင်နှုန်းရှိ

စာမျက်နှာ » ၁၂

ကြေးမုံ

# စိတ်နှလုံးရွှင်လန်းချမ်းမြေ့ရေး တစ်ခဲနက်ပါဝင်အားပေး

ပြည်သူများသည် နိစ္စဓူဝ ဗာဟီရကိစ္စများကြသည်။ ဘဝရှင်သန်ရပ်တည်ရေး၊ တိုးတက်ကြီးပွားရေး၊ အောင်မြင်ရေးအတွက် နေ့စဉ်လှုပ်ရှားရုန်းကန် လုပ်ကိုင်ဆောင်ရွက်နေကြသည်။ တစ်နေ့တာ ပင်ပန်းနွမ်းနယ်သမျှကို အားလပ်ချိန်တွင် တစ်နည်းတစ်ဖုံဖြင့် အပန်းဖြေကြသည်။ ပင်ပန်းနွမ်းနယ်သမျှကို ပြန်လည်လန်းဆန်းရွှင်လန်းလာအောင် ဖန်တီးဖော်ဆောင်ကြရသည်။

ပြည်သူများ ပင်ပန်းနွမ်းနယ်သမျှကို လန်းဆန်းရွှင်လန်းတက်ကြွလာအောင် ဖန်တီးဖော်ဆောင်ပေးကြသူများအနက် အဓိကဆောင်ကြဉ်းပေးနေကြသူများမှာ အနုပညာရှင်များဖြစ်သည်။ အနုပညာရှင်အမျိုးမျိုးရှိသည့်အနက် သဘင်၊ ဂီတ၊ ရုပ်ရှင်အနုပညာရှင်များသည် ပြည်သူများ၊ ပရိသတ်များ၏ စိတ်နှလုံးဘဝင်ကို ဆွဲငင်ယူဆောင်ဖမ်းစားနိုင်သည့် ပါရမီနှင့်ပြည့်စုံကြသူများဖြစ်သည်။ အဆိုပါအနုပညာရှင်များသည် ပြည်သူများကို ထာဝစဉ်အလုပ်အကျွေးပြုလျက်ရှိပြီး ပြည်သူများကလည်း တစ်ခဲနက်ထောက်ခံအားပေးမှုဖြင့် ဘဝရှင်သန်ရပ်တည်လှုပ်ရှား လုပ်ကိုင်နေကြသည်။ ပြည်သူနှင့်အနုပညာရှင်ကို ခွဲခြား၍မရဘဲ အနုပညာသည် ပြည်သူအတွက်၊ ပြည်သူသည် အနုပညာအတွက် အပြန်အလှန် ကျေးဇူးပြုလျက်ရှိသည်။

အနုပညာရှင်များသည် လူသားများ၏ စိတ်ခံစားမှု၊ စိတ်ကျေနပ်မှုအတွက် အကောင်းဆုံးဖြည့်ဆည်းပေးနေသူများဖြစ်၍ အနုပညာသည် ညစ်နွမ်းမှုမရှိဘဲ ဖြူစင်မွန်မြတ်လှသည်။ အနုပညာရှင်များသည် အားလုံးအပေါ်တွင် တစ်တန်းတစ်စားတည်းထားကြသူများဖြစ်၍ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ အစွဲအလမ်းရှိကြသူများ မဟုတ်ပေ။ ချစ်သူ၊ မုန်းသူ၊ မိတ်ဆွေ၊ ရန်သူ၊ နိမ့်သူ၊ မြင့်သူ မခွဲခြားဘဲ လူသားအားလုံး စိတ်နှလုံးချမ်းမြေ့စေရေးအတွက် ဖြည့်ဆည်းပေးနေကြသူများဖြစ်ရာ ပြည်သူအားလုံး၏ ချစ်ခင်လေးစားခြင်းကို ခံယူကြသူများဖြစ်သည်။

ထိုသို့ သမိုင်းကြောင်းအစဉ်အလာကောင်းများဖြင့် ဖြတ်သန်းလာခဲ့သော အနုပညာသည်များ၊ လင်းလက်တောက်ပြောင်အမွှမ်းတင်အပ်သော ဂုဏ်ဒြပ်များဖြင့် ဆောင်ကြဉ်းပေးလာခဲ့ကြသော အနုပညာရှင်များ၏ ဖြူစင်သောအနုပညာလောက ညစ်နွမ်းအောင် ပြုလုပ်မှုများရှိလာခဲ့သည်။ ပြီးခဲ့သည့်နှစ်ကာလများအတွင်း အနုပညာလောကအတွင်း၌ နိုင်ငံရေးအရောင်အသွေးများ စွဲကပ်လာခဲ့သည်။ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲများ ဖုံးလွှမ်းလာခဲ့ပြီး ပြည်သူတစ်ရပ်လုံး ချစ်မြတ်နိုးသော အနုပညာရှင်အချို့မှာ နိုင်ငံရေးလောကအတွင်းသို့ သက်ဆင်းသွားခဲ့သည်။ အသွေးအရောင်စုံသော ပြည်သူများအားကျောခိုင်း၍ အသွေးအရောင်ခွဲခြား နိုင်ငံရေးသမားများအဖြစ် ရပ်တည်သွားခဲ့ကြသည်မှာ စိတ်မကောင်းဖွယ်ရာဖြစ်သည်။ ပို၍ဆိုးရွားသည်မှာ အနုပညာကို နိုင်ငံရေးတွင် အသုံးချခံလိုက်ရခြင်းဖြစ်သည်။ ပြည်သူအားလုံးအပေါ်တွင် တစ်တန်းတစ်စားတည်းထားသော အနုပညာရှင်များအား ခွဲခြားဆက်ဆံခြင်းကို ခံကြရသည်။ ငါတို့ကို မထောက်ခံသူ အနုပညာရှင်များအား ဖယ်ကြဉ်ကြ၊ ရှောင်ရှားကြ၊ တိုက်ခိုက်ကြဟု ပြုလုပ်ကြပြီး ဖြူစင်သည့်အနုပညာရှင်များ ရပ်တည်၍မရအောင် ပြုလုပ်လာကြသည်။

ထိုသို့ အနုပညာလောက ခက်ခဲကျပ်တည်းနေချိန်တွင် အနုပညာလောက ပြန်လည်ရှင်သန်လာအောင် နိုင်ငံတော်အစိုးရက အားပေးဖြည့်ဆည်း ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးလျက်ရှိသည်။ ပြိုကွဲလုနီးပါးဖြစ်နေသည့် အနုပညာလောကကို ပြန်လည်ရှင်သန်လာစေရန်၊ ကိုဗစ်-၁၉ ရောဂါကြောင့် စိတ်မွန်းကျပ်နေသည့် ပြည်သူများအား စိတ်လက်ပျော်ရွှင် အပန်းပြေစေရန်နှင့် ပြည်သူများအား အနုပညာဖြင့် ပြန်လည်ဖြည့်ဆည်းပေးနိုင်ရန် ရုပ်သံလိုင်းများနှင့်ဆိုရှယ်မီဒီယာများပေါ်မှတစ်ဆင့် ရုပ်ရှင်၊ သဘင်၊ ဂီတပဒေသာကပွဲကြီးကို မြိုင်မြိုင်ဆိုင်ဆိုင်ကျင်းပပေးတော့မည်ဖြစ်သည်။ အနုပညာလောကသားများလည်း ပြန်လည်အသက်ဝင်ပြီး ပြည်သူများလည်း အပန်းပြေခံစားကြည့်ရှု သောတဆင်နိုင်တော့မည်ဖြစ်သည်။

အနုပညာရှင်များအား ပါရမီရှင်များအဖြစ် ဂုဏ်ပြုသတ်မှတ်ထားသလို ဟာသပညာရှင်များကိုလည်း အသိအမှတ်ပြုလေးစားလျက်ရှိသည်။ အနုပညာနှင့်ပြည်သူသည် ခွဲခြား၍ရမည်မဟုတ်သည့်အတွက် အနုပညာဖြင့် ပြည်သူကို အလုပ်အကျွေးပြုပြီး တိုင်းပြည်ကို အကျိုးပြုကြရမည်ဖြစ်သည်။ အနုပညာစွမ်းပကားဖြင့် ပြည်သူများ၏ဘဝ တိုးတက်ကောင်းမွန်ရေးအတွက် အထောက်အပံ့ပြုရေး၊ အနုပညာဖြင့် တိုင်းပြည်အကျိုးကို သယ်ပိုးထမ်းဆောင်နိုင်ရေး စည်းရုံးစွမ်းဆောင် ပြုလုပ်ကြရမည်ဖြစ်သည်။ အနုပညာဖြင့် လက်ရှိဘဝကို ထင်ဟပ်ပြီး ကောင်းမွန်သောအနာဂတ်ခရီးကို ဖြတ်သန်းနိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ရုပ်ရှင်၊ သဘင်၊ ဂီတ စသည့်အနုပညာလောကသည် တိုင်းပြည်နှင့်ပြည်သူအတွက် အရေးပါသောကဏ္ဍတစ်ခုဖြစ်၍ အနုပညာလောက ပြန်လည်ရှင်သန်လာအောင်၊ အနုပညာဖြင့် နိုင်ငံတော်တစ်ခုလုံး၊ ပြည်သူတစ်ရပ်လုံး တစ်ပြေးညီ အလုပ်အကျွေးပြုနိုင်အောင် ပြည်သူအားလုံး ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရပ်များကို တစ်ခဲနက်အားပေးကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ ( ၁ ) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဒေါက်တာ ယောဟန်ထွန်း | ပါမောက္ခချုပ်<br>ကလေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) ပါမောက္ခ ဒေါက်တာငွေငွေတင် | ပါမောက္ခချုပ်<br>ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၃) ဦးထွန်းမြင့်ဦး | ညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့်ကာယပညာဦးစီးဌာန<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန |

## ၁၃၈၄ (၂၀၂၂)ခုနှစ် အစိုးရနိုကာယ်စာမေးပွဲအောင်စာရင်း ထုတ်ပြန်မည့် နေ့ရက် ကြေညာခြင်း

**နေပြည်တော် ဇူလိုင် ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၁၃၈၄(၂၀၂၂)ခုနှစ် အစိုးရနိကာယ်စာမေးပွဲအောင်စာရင်းကို ၁၃၈၄ ခုနှစ် ဝါဆိုလဆန်း ၁၄ ရက်၊ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၁ ရက်(တနင်္လာနေ့) နံနက် ၆ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ website www.mahana.org.mm၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန website www.mora.gov.mm၊ သာသနာရေးဦးစီးဌာန website www.dra.gov.mm တို့မှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

❖

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၈ - ၇ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၄၀၀ | ၇,၄၀၀ | ၇၇ | ၅၆၉,၈၀၀ |
| MTSH | ၂,၆၅၀ | ၂,၆၅၀ | ၃,၀၈၄ | ၈,၁၇၂,၆၀၀ |
| MCB | ၇,၃၀၀ | ၇,၁၀၀ | ၃ | ၂၁,၇၀၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၁ | ၁၇,၅၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၅၁၁ | ၁,၂၇၇,၅၀၀ |
| EFR | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၆၈ | ၃၃၃,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၈

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၁၈၇၀.၇ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၇၅.၈၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၁.၃၅၃ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၇.၈၉ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၃၂၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၆၀.၈ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၁၈.၁ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၃၆၁.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၂.၂၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဇနိမော်ကျောင်းတိုက် ပဓာနနာယက အဘိဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။

✳ ရှေ့ဖုံးမှ

ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

**ကိုးပါးသီလခံယူဆောက်တည်**

အစီအစဉ်အရ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ဇနိမော်ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ဇနိမော်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာမြို့ သာသနဝေပုလ္လပါဠိ တက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာမြို့ သာသနဝေပုလ္လပါဠိ တက္ကသိုလ်ကျောင်းတိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့်ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



☆ စာမျက်နှာ ၃ မှ
ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်ပြီး ကောင်စီဝင်များနှင့်ဇနီးများ၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီးနှင့် တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများသည် ဇန်းမော်ဆရာတော်ဘုရားကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနောက်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။





ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။





# အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးထား

တိုင်းပြည်တစ်ပြည်ထူထောင်တာဟာ ဘယ်လောက်ခက်ခဲတယ်၊ အတက်အကျ လောကဓံ အမျိုးမျိုးကို တွေ့ရတယ်ဆိုတာ ကမ္ဘာ့ရာဇဝင်သိတဲ့ လူတိုင်းတော့ ဆင်ခြင်နိုင်ကြမှာပဲ။ ဒါကြောင့် အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးနဲ့ စိတ်မပျက်လက်မပျက်ဘဲ ရသမျှအခွင့်အရေးကို ရတုန်း မိမိရရယူကြရလိမ့်မယ်။ ဒါမှသာ ကျုပ်တို့မြန်မာပြည်ကြီး ကျုပ်တို့ချစ်ရာရောက်မယ်။ ကျုပ်တို့မြန်မာပြည် ထူထောင်နိုင်မယ်။

(ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၄ ခုနှစ် နိုဝင်ဘာလအတွင်း
တိုင်းပြည်သို့ အသံလွှင့်ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



☆ နိုင်ငံတော်မှ

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံး(LDU)မှ အထွေထွေအတွင်းရေးမှူး ကျာဆော်လမွန်၊ တွဲဖက်အတွင်းရေးမှူး(၂) ကျာယာကုပ်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ကျာဖူးတို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU) အထွေထွေအတွင်းရေးမှူး ကျာဆော်လမွန်တို့က နှုတ်ခွန်းဆက်အမှာစကားပြောကြားကြပြီး တက်ရောက်လာကြသူများက ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးကြကာ တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားလိုက်သည်။

တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ဇူလိုင် ၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား ကျောင်းသူများ ထိုင်းနိုင်ငံမှ စင်ကာပူနိုင်ငံသို့ လေ့လာရေးခရီးဆက်လက်သွားရောက်

### ထူးချွန်ကျောင်းသားကျောင်းသူများသည် စင်ကာပူနိုင်ငံရှိ ကမ္ဘာလှည့်ခရီးသည်များ အများဆုံးသွားရောက်လည်ပတ်သည့် Sentosa Beach၊ Palawan Beach နှင့် Siloso Beach များသို့ သွားရောက်လည်ပတ်





**နေပြည်တော် ဇူလိုင် ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်အရ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝိဇ္ဇာဘာသာတွဲ၊ သိပ္ပံဘာသာတွဲ၊ ဝိပ္ပံဘာသာတွဲများတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး အဆင့် ၁ မှ အဆင့် ၁၀ အတွင်း ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၃၃ ဦးကို ချီးမြှင့်ဂုဏ်ပြုသည့်အနေဖြင့် နိုင်ငံတော်က ဇူလိုင် ၄ ရက်မှ ၈ ရက်အထိ ထိုင်းနိုင်ငံနှင့်စင်ကာပူနိုင်ငံတို့သို့လေ့လာရေးခရီး ပို့ဆောင်ခဲ့သည်။

ထိုင်းနိုင်ငံတွင် ရောက်ရှိနေသော ထူးချွန်ကျောင်းသား ကျောင်းသူ လေ့လာရေးအဖွဲ့သည် ကြီးကြပ်သူ ဆရာဆရာမများ၊ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၆ ရက်တွင် ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Singapore Airlines ဖြင့် စင်ကာပူနိုင်ငံသို့ လေ့လာရေးခရီး ဆက်လက်ထွက်ခွာရာ ဒေသစံတော်ချိန် ၃ နာရီ မိနစ် ၄၀ တွင် စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြ၍ စင်ကာပူနိုင်ငံရှိ မြန်မာသံရုံးနှင့် စစ်သံရုံးမှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ထူးချွန်ကျောင်းသား ကျောင်းသူ လေ့လာရေးအဖွဲ့သည် မြန်မာသံရုံးသို့ရောက်ရှိရာ သံရုံးယာယီတာဝန်ခံ ဦးစိုးမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး လေ့လာရေးခရီးစဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ညစာဖြင့် တည်ခင်းဧည့်ခံသည်။ ယင်းနောက် ထူးချွန်ကျောင်းသား ကျောင်းသူများအဖွဲ့သည် Gardens by the Bay သို့ သွားရောက်လည်ပတ်ကြသည်။

ထူးချွန်ကျောင်းသားကျောင်းသူများ လေ့လာရေးအဖွဲ့သည် ဇူလိုင် ၇ ရက် နံနက်ပိုင်းတွင် စင်ကာပူနိုင်ငံရှိ ကမ္ဘာလှည့်ခရီးသည်များ အများဆုံးသွားရောက်လည်ပတ်သည့်နေရာများဖြစ်ကြသော Sentosa Beach၊ Palawan Beach နှင့် Siloso Beach များသို့ သွားရောက်လည်ပတ်ကာ အမှတ်တရဓာတ်ပုံများ ရိုက်ကြပြီး Siloso Beach တွင် နေ့လယ်စာသုံးဆောင်ကြသည်။

မွန်းလွဲပိုင်းတွင် Universal Studios Singapore သို့ သွားရောက်လည်ပတ်ကြသည်။ ဆက်လက်၍ Waterfront Station မှ မိုးပျံရထားစီးနင်း၍ VivoCity Station သို့သွားရောက်ပြီး လာရောက်ကြိုဆိုသည့် မော်တော်ယာဉ်များဖြင့် Science Center Singapore သိပ္ပံပြတိုက်သို့ သွားရောက်၍ လှည့်လည်ကြည့်ရှုလေ့လာကြသည်။ ယင်းနောက် လေ့လာရေးအဖွဲ့သည် Nanyang Technological University–NTU သို့ ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုကာ တက္ကသိုလ်အတွင်း လှည့်လည်ရှင်းလင်းပြသကြသည်။ ဆက်လက်၍ VivoCity သို့သွားရောက်လည်ပတ်၍ ဈေးဝယ်ကြသည်။

ထိုမှတစ်ဆင့် Time Capsule တွင် စင်ကာပူနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်လာမှု သမိုင်းကြောင်းကို လေ့လာကြည့်ရှုပြီး Singapore Flyer စီးနင်း၍ စင်ကာပူတစ်မြို့လုံး၏ ညအလှရှုခင်းကို ခံစားကြည့်ရှုကြသည်။

ထူးချွန်ကျောင်းသားကျောင်းသူ လေ့လာရေးအဖွဲ့သည် ဇူလိုင် ၈ ရက်တွင် Lavender ဘူတာမှ Raffles Place ဘူတာသို့ MRT ရထားစီးနင်း၍ စင်ကာပူမြစ်ဘေးရှိ Boat Quay သို့ သွားရောက်လည်ပတ်ကြသည်။ ထို့နောက် Fullerton Hotel နှင့် Asian Civilisations Museum အကြားရှိ Mirror Balls ကို လေ့လာကြည့်ရှုကြပြီး စင်ကာပူနိုင်ငံ၏ အထိမ်းအမှတ်ဖြစ်သည့် Merlion ရုပ်တုပန်းခြံသို့လည်းကောင်း၊ East Coast Park ပန်းခြံသို့လည်းကောင်း သွားရောက်လည်ပတ်ကာ နေ့လယ်စာသုံးဆောင်ကြသည်။

ဆက်လက်၍ IKEA ဈေးဝယ်စင်တာသို့ သွားရောက်ခဲ့ကြပြီး ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ Jewel Changi Airport သို့ရောက်ရှိလေ့လာကြကာ ညပိုင်းတွင် စင်ကာပူနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၀ ပြည့်နှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေတစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုနှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၈

၂၀၂၀ ပြည့်နှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေ တစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပခုက္ကူ ဦးအုံးဖေပညာရည်ချွန်ဆုနှင့် ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

**စာပေကဏ္ဍအတွက် တန်ဖိုးမဖြတ်နိုင်**

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း က အဖွင့်အမှာစကားပြောကြားရာတွင် ဆရာကြီးဦးအုံးဖေ လှူဒါန်းခဲ့သည့် စာပေရန်ပုံငွေပမာဏသည် ယင်းခေတ် ယင်းအချိန်က နိုင်ငံတော်မှာ မကြုံစဖူး စံပြုလောက်ပြီး စာပေကဏ္ဍအတွက် တန်ဖိုးမဖြတ်နိုင်သည့် အကျိုးသက်ရောက် မှုများရရှိစေကြောင်း၊ မြန်မာစာပေ မြင့်မားတိုးတက်ရေးနှင့် ကြွယ်ဝဖွံ့ဖြိုး ရေးတွင် ထိရောက်သည့် အထောက်အကူ တစ်ရပ်လည်း ဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်သူ များ စာပေဖတ်ရှုလေ့လာနိုင်ရေးနှင့် စာအုပ်စာပေ ပိုမိုဖွံ့ဖြိုးထွန်းကားလာရေး အတွက် ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်ထားကြောင်း၊ စာအုပ်စာပေ လူ့မိတ်ဆွေဆိုသည့် စကားအတိုင်း လူငယ်များဘဝတိုးတက်ရေးနှင့် အတွေး အခေါ်အယူအဆမှန်ကန်ရေးကို အားပေး သည့်စာအုပ်စာပေကောင်းများ၊ ပြည်သူ တို့၏ အသိအမြင်မှန်ကန်ရေးနှင့် အသက် မွေးဝမ်းကျောင်းမှုကို အထောက်အကူဖြစ် စေမည့် စာအုပ်စာပေများ၊ အမျိုးသား ယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက် ပျက်စေရေးအတွက် ခေတ်ကာလအခြေ အနေနှင့် လိုက်လျောညီထွေသည့် တိုင်းကျိုးပြည်ပြု စာပေများကို ဆက်လက်ရေးသားပေးကြပါဟု စာပေ ပညာရှင်များကို မေတ္တာရပ်ခံအပ် ကြောင်း၊ ပြည်သူများ အတွေးအခေါ် အယူအဆမှန်ကန်စေရေး စာပေလေ့လာ ဖတ်ရှုစေရေးအတွက် စာပေပညာရှင်ကြီး များက ဝိုင်းဝန်းဖော်ဆောင်ပေးကြစေလို ကြောင်း။

နိုင်ငံတော်ကလည်း ယနေ့အနာဂတ် လူငယ်များကို ပြုပြင်ဆောင်ရွက်ရန် အတွက် Short Term၊ Long Term အစီအစဉ်များနှင့် ကြိုးစားဆောင်ရွက် နေကြောင်း၊ ယခု လောလောဆယ် လူငယ်လူရွယ်များ၏ စာရိတ္တကောင်းမွန် စေရေးနှင့် စိတ်နေသဘောထားမှန်ကန် ကောင်းမွန်စေရေးအတွက် မြန်မာ့အသံ နှင့်ရုပ်မြင်သံကြားမှာ ဗုဒ္ဓဘာသာဝင် များ၏အခြေခံ ၃၈ ဖြာမင်္ဂလာကို ရိုက်ကူး ထုတ်လွှင့်ပြသနေကြောင်း၊ နိုင်ငံတော် အဆင့် "ဆို၊ က၊ ရေး၊ တီး" ပြိုင်ပွဲကြီးကို လည်း လာမည့် အောက်တိုဘာလတွင် ကျင်းပရန် စီစဉ်လျက်ရှိကြောင်း။

ထို့အပြင် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ မြန်မာ့ယဉ်ကျေးမှုနှင့် ဆီလျော်သည့် နိုင်ငံတကာအဆင့်မီ စာဆို ဗိမာန်အဆောက်အအုံကို ရန်ကုန်မြို့၌ တည်ဆောက်သွားမည် ဖြစ်သကဲ့သို့ ရန်ကုန်နှင့်မန္တလေးတွင်လည်း အနုပညာ ဗဟိုဌာန (Art Centre) များကိုလည်း တည်ဆောက်လျက်ရှိကြောင်း။

ယနေ့ဆုချီးမြှင့်ခံရသည့် စာပေပညာ ရှင်များက အမျိုးဘာသာ၊ သာသနာအကျိုး ကို သယ်ပိုးဆောင်ရွက်နိုင်သည့်၊ နိုင်ငံ၏ ပုံရိပ်ကို မြှင့်တင်ဖော်ပြနိုင်သည့် စာကောင်းပေမွန်များကို ဆက်လက် ရေးသားဖွဲ့ဆိုနိုင်ကြပါစေ၊ မျိုးဆက်သစ် ကလောင်ရှင်များကိုလည်း စေတနာ ကောင်းဖြင့် လက်ဆင့်ကမ်းနိုင်ကြပါစေ၊ ပညာရည်ချွန်ဆုရသည့် ကျောင်းသား ကျောင်းသူများကလည်း ပညာရည်ချွန်ဆု ရသည့်ယနေ့မှစ၍နောက်နောင်ပညာရေး ဘဝ ပိုမိုမြင့်မားအောင်၊ မိမိအတွက် သာမက ပတ်ဝန်းကျင်၊ တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက်ပါ သယ်ပိုး ထမ်းဆောင်နိုင်သည့် ပုဂ္ဂိုလ်များဖြစ်ကြပါ စေ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးစေရေး တစ်ထောင့်တစ်နေရာမှ ကူညီပံ့ပိုးနေ သည့် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူ စာပေဆုကြီးသည်လည်း နောင်နှစ်ပေါင်း များစွာတိုင်အောင် အစွန့်ရှည်တည်တံ့ခိုင်မြဲပါစေဟု ဆုမွန် ကောင်းတောင်းပါကြောင်း ပြောကြား သည်။

ထို့နောက် မြန်မာနိုင်ငံစာရေးဆရာ အသင်းဥက္ကဋ္ဌ၊ ပခုက္ကူစာပေဆု ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က ဆုချီးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ဆုပေးအပ်ချီးမြှင့်**

ယင်းနောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ပခုက္ကူစာပေ တစ်သက်တာစာပေဆုရ ဒေါက်တာ မျိုးသန့်တင်နှင့် ဦးညွန့်ဆွေ(မောင်ဆွေ သက်)တို့အား ဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ဝတ္ထုရှည်ပထမ ဆုရ တင်တော်၊ ဒုတိယဆုရ မျှဝေ(ဥက္ကံ) နှင့် တတိယဆုရ မေသနပ်ခါး(ကိုယ်စား) မိသားစုဝင်တစ်ဦးတို့အား လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ ရွှေညောင်မြေ မောင်စန်းမြင့်(ကိုယ်စား) မိသားစုဝင်တစ်ဦး၊ ဒုတိယဆုရ စံဝင်းအောင်(မြန်အောင်)နှင့် တတိယဆုရ ထက်ဝေအောင်(စစ်ကိုင်း)တို့အား လည်း ကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေ ချုပ် ဦးဌေးအောင်က သုတေသနစာပေ ပထမဆုရ ဆွေဇင်ညွန့်(ACPE)၊ ဒုတိယ ဆုရ ဘိုးရာဇာ(စိုက်ပျိုးရေး)၊ တတိယ ဆုရ တောင်တွင်း ကျော်ဝင်း(စက်မှု အင်ဂျင်နီယာ)(ကိုယ်စား) ညီဖြစ်သူနှင့် ကျမ်းစာပေ ဒုတိယဆုရ မောင်အောင် တို့အားလည်းကောင်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က ကဗျာပေါင်းချုပ် ပထမဆုရ ကိုလေးပြည့်၊ ဒုတိယဆုရ သမီးပျိုနှင့် တတိယဆုရ ကြည်သိန်းဇော် (ကိုယ်စား) မိသားစုဝင်တစ်ဦးတို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြ သည်။

ယင်းနောက် ပခုက္ကူစာပေဆုရန်ပုံငွေ ကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဦးသိန်းခိုင်ဦးက ပခုက္ကူစာကြည့်တိုက် စာအုပ်ဆုရရှိကြသူများ ဖြစ်ကြသည့် ကြည်ထွန်းမော်နှင့် ဒေါက်တာညိုအောင် တို့အားလည်းကောင်း၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ဒုတိယပါမောက္ခချုပ် ဒေါ်ဌေးဌေးဆွေက ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရ အမျိုးသားယဉ်ကျေးမှု နှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ဒုတိယနှစ် (သဘင်ပညာအထူးပြု) ကျောင်းသူ မသဇင်ထက်နှင့် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ ဒုတိယနှစ်(ပန်းချီပညာအထူး ပြု)ကျောင်းသား မောင်ထင်ရှားအောင် တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် စာပေအလှူရှင် ပခုက္ကူ ဦးအုံးဖေ ကိုယ်စား ပခုက္ကူစာပေဆု ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌ(၁) ဦးသိန်းခိုင်ဦးက စာပေဆုချီးမြှင့် ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား သည်။

ယင်းနောက် ဆုရရှိကြသူများ ကိုယ်စား ပခုက္ကူစာပေ တစ်သက်တာဆုရ ဦးညွန့်ဆွေ(မောင်ဆွေသက်)က ကျေးဇူး တင်စကားပြောကြားသည်။

ယနေ့ဆုချီးမြှင့်ပွဲတွင် ဆုရရှိကြသူ ၁၉ ဦးအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ချီးမြှင့်သော တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီဖြင့် စုစုပေါင်း ၁၉ သိန်းကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ၂၀၂၀ ပြည့်နှစ် ပခုက္ကူစာပေတစ်သက်တာဆု၊ ပခုက္ကူ စာပေဆု၊ ပညာရည်ချွန်စာပေဆုနှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆု ရရှိသူများ၏ ဓာတ်ပုံများကို ကြည့်ရှု သည်။

ယနေ့ ဆုချီးမြှင့်ပွဲတွင် တစ်သက်တာ စာပေဆု နှစ်ဆု၊ ၂၀၂၀ ပြည့်နှစ်အတွက် တင်သွင်းလာသော စာမူပေါင်း ၄၇ စောင် ကို စာမူဆုစည်းကမ်းများနှင့်အညီ ဖတ်ရှု စိစစ်ခဲ့ပြီး ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ ကျမ်းစာပေ၊ သုတေသန စာပေတို့မှ ဆုပေါင်း ၁၃ ဆုနှင့် ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုနှစ်ဆု နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်များမှ ပညာသင်ဆုနှစ်ဆုတို့ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး သည် စာဆိုဗိမာန်တည်ဆောက်ခြင်း လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို တက်ရောက်၍ စာဆိုဗိမာန်ကို အကောင်း ဆုံးနှင့် အဆင့်မီတည်ဆောက်သွားမည် ဖြစ်ကြောင်း၊ စာဆိုဗိမာန်၏ဝေါဟာရ နှင့် ထားသိုမှုပုံစံများ အကြမ်းဖျင်း လျာထားဆွေးနွေးပေးကြစေလိုကြောင်း၊ နိုင်ငံတကာပုံစံများကို ကိုးကားနမူနာယူ၍ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဟန်များပါဝင် သော အဆောက်အအုံ ဖြစ်စေလို ကြောင်း၊ ပုံစံပေါ်လာပါက စတင်အကောင် အထည်ဖော်ပြီးနောက် အတွင်းပိုင်း အသေးစိတ် လိုအပ်မှုကို အချိန်ယူဆောင် ရွက်သွားရမည်ဟု ယူဆကြောင်း၊ တက်ရောက်လာသော စာပေပညာရှင် များက စာဆိုဗိမာန်အဆောက်အအုံကို ပုံဖော်နိုင်မည့်ပုံစံနှင့်ပတ်သက်၍ ဆွေးနွေး ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စာဆို ဗိမာန်တည်ဆောက်မည့် မြေနေရာနှင့် အကျယ်အဝန်း၊ အဆောက်အအုံပုံစံ အကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသော စာပေပညာရှင်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စာဆိုဗိမာန် တည်ဆောက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဒုတိယ ဝန်ကြီး ဦးရဲတင့်တို့က ဖြည့်စွက်ဆွေးနွေး ခဲ့ကြသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပခုက္ကူစာပေ တစ်သက်တာဆုရ ဒေါက်တာမျိုးသန့်တင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ၂၀၂၀ ပြည့်နှစ်အတွက် ဝတ္ထုရှည် ပထမဆုရ ဆရာတင်တော်အား ဆုပေးအပ်ချီးမြှင့်စဉ်။

❖ **စာအုပ်စာပေ လူ့မိတ်ဆွေဆိုသည့် စကားအတိုင်း လူငယ်များဘဝ တိုးတက်ရေးနှင့် အတွေးအခေါ်အယူအဆမှန်ကန်ရေးကို အားပေး သည့်စာအုပ်စာပေကောင်းများ၊ ပြည်သူတို့၏ အသိအမြင်မှန်ကန် ရေးနှင့် အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူဖြစ်စေမည့် စာအုပ်စာပေများ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရေးအတွက် ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေသည့် တိုင်းကျိုးပြည်ပြုစာပေများကို ဆက်လက် ရေးသား**

# လူ့အခွင့်အရေးကောင်စီ၏မူဝါဒများကို ကောင်စီကိုယ်တိုင် လိုက်နာရန်ပျက်ကွက်

ဂျီနီဗာမြို့၌ ၁၃-၆-၂၀၂၂ မှ ၈-၇-၂၀၂၂ ရက်အထိ ကျင်းပခဲ့သည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အကြိမ်(၅၀)မြောက် ပုံမှန်အစည်းအဝေးကာလတွင် မြန်မာနိုင်ငံအတွက် အထောက်အကူမဖြစ်သော ဆွေးနွေးပွဲများစွာ ကျင်းပခဲ့သည်ကိုတွေ့ရှိရသည်။ ယင်းဆွေးနွေးပွဲများတွင် အစ္စလာမ့်စ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အိုအိုင်စီ)မှ တင်သွင်းခဲ့သော ဆုံးဖြတ်ချက်အဆိုအရ ၁၄-၆-၂၀၂၂ ရက်တွင် ကျင်းပခဲ့သည့် လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး၏ နှုတ်ဖြင့်အစီရင်ခံချက်အပေါ် အပြန်အလှန်ဆွေးနွေးပွဲနှင့် ၁၅-၆-၂၀၂၂ ရက်တွင် ကျင်းပခဲ့သည့် "မြန်မာနိုင်ငံရှိ 'ရိုဟင်ဂျာ' မွတ်စလင်များနှင့် အခြားလူနည်းစုများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဖိနှိပ်မှုများ ဖြစ်ပွားစေသည့် အကြောင်းရင်းများ" ခေါင်းစဉ်ပါ ဆွေးနွေးပွဲနှင့် ဥရောပသမဂ္ဂ (အီးယူ)မှ တင်သွင်းခဲ့သော ဆုံးဖြတ်ချက်အဆိုအရ ၂၉-၆-၂၀၂၂ ရက်တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ နှုတ်ဖြင့်အစီရင်ခံချက်အပေါ် အပြန်အလှန်ဆွေးနွေးပွဲတို့ပါဝင်သည်။ ထို့ပြင် အိုအိုင်စီက တင်သွင်းသော "မြန်မာနိုင်ငံရှိ 'ရိုဟင်ဂျာ' မွတ်စလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေ" ခေါင်းစဉ်ပါ ဆုံးဖြတ်ချက်အဆိုတစ်ရပ်ကို ၇-၇-၂၀၂၂ ရက်တွင် လူ့အခွင့်အရေးကောင်စီက အတည်ပြုချမှတ်ခဲ့သည်။ လူ့အခွင့်အရေးကောင်စီသည် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ညှိနှိုင်းဆွေးနွေးခြင်းမူများကို ဆန့်ကျင်၍ သက်ဆိုင်ရာနိုင်ငံပါဝင်ခြင်းမရှိဘဲ ယင်းတို့ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဂျီနီဗာမြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ်ရုံးက ယင်းဆွေးနွေးပွဲအသီးသီးနှင့် ဆုံးဖြတ်ချက်အဆိုတို့အပေါ် တုံ့ပြန်ကန့်ကွက်ချက်များအား ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

လူ့အခွင့်အရေးကောင်စီ၏ အထက်ပါအပြုအမူများကို ကြည့်ခြင်းဖြင့် လူမျိုးပေါင်းစုံနှင့် ဘာသာပေါင်းစုံ အတူတကွနေထိုင်သည့် မြန်မာနိုင်ငံရှိ ပြည်သူများအကြား လူ့အခွင့်အရေး အရေခြုံ၍ စိတ်ဝမ်းကွဲပြားမှုများနှင့် မယုံကြည်မှုများဖြစ်ပေါ်စေရန် ရွေးချယ်ပစ်မှတ်ထားနေသည့် အတိုင်းအတာကို ထင်ရှားစေသည်။ လူ့အခွင့်အရေးကောင်စီကချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အဆို ကိုယ်တိုင်ကပင် မမှန်ကန်သောစွပ်စွဲချက်များ၊ နိုင်ငံရေးနှင့် ဘာသာရေးသက်ဝင်သော အသုံးအနှုန်းများဖြင့် အမုန်းတရားဖြစ်ပေါ်စေသည်။ ယင်းဆုံးဖြတ်ချက်အဆိုနှင့် ဆွေးနွေးပွဲများသည် ၂၀၁၇ ခုနှစ်တွင် လူအများအပြား နေရပ်စွန့်ခွာမှုဖြစ်ပေါ်စေခဲ့သည့် အကြမ်းဖက်မှုများကိုလည်းကောင်း၊ ကော့ဘဇားရှိစခန်းများတွင် လှုပ်ရှားနေသော အာဆာခေါ် အာကွာမူ မူဂျာဟီဒင်ဆိုသည့်အဖွဲ့က နေရပ်ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ်ကို လိုလားသူများအား ဆက်လက်သတ်ဖြတ်နေမှုများကိုလည်းကောင်း ဖုံးကွယ်ထားသည်။

မြန်မာနိုင်ငံသည် ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေနှင့်ကိုက်ညီသူများကို လူမျိုးဘာသာမခွဲခြားဘဲ သင့်လျော်သည့် နိုင်ငံသားအဆင့်အတန်းပေးလျက်ရှိသည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ဥပဒေနှင့် သမိုင်းကြောင်းမှတ်တမ်းများတွင် မရှိခဲ့သည့် ဖန်တီးထားသော "ရိုဟင်ဂျာ" အသုံးအနှုန်းကို အသိအမှတ်မပြုကြောင်း ထပ်လောင်းဖော်ပြအပ်သည်။ ထိုကဲ့သို့အသုံးအနှုန်းသုံးစွဲမှုကိုလည်း ပြင်းထန်စွာကန့်ကွက်ကြောင်း ဖော်ပြအပ်သည်။

လူ့အခွင့်အရေးကောင်စီသည် ၎င်း၏မူဝါဒများနှင့် ရည်ရွယ်ချက်များကို လိုက်နာခြင်းမရှိတော့ဘဲ နိုင်ငံအချို့၏ထိန်းချုပ်ခြင်းခံရကာ နိုင်ငံများ၏ ပြည်တွင်းရေးကိစ္စများတွင် ၎င်းတို့ လိုလားသည့် လမ်းကြောင်းအတိုင်းဖြစ်ပေါ်စေရန် ဆောင်ရွက်သည့် စင်မြင့်တစ်ရပ်ဖြစ်လာသည်ကို စိတ်အနှောင့်အယှက်ဖြစ်ဖွယ်တွေ့ရသည်။ သို့ဖြစ်ရာ သက်ဆိုင်ရာနိုင်ငံမပါဝင်ဘဲ အထက်ပါကိစ္စများ ဆောင်ရွက်ရန် လူ့အခွင့်အရေးကောင်စီက ဆုံးဖြတ်ခဲ့သည်ကို မြန်မာနိုင်ငံက ထပ်လောင်းကန့်ကွက်သည်။ ၇-၇-၂၀၂၂ ရက်တွင် စာရွက်စာတမ်းအမှတ် A/HRC/50/L.21 ပါ ဆုံးဖြတ်ချက်အဆို(မူကြမ်း)ကို အတည်ပြုချမှတ်ရာတွင် မြန်မာနိုင်ငံက ပါဝင်ပတ်သက်ခြင်းမရှိဘဲ နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ဂုဏ်သိက္ခာကို ထိပါးသောအသုံးအနှုန်းများ ပါဝင်သည့်အဆို(မူကြမ်း) တစ်ခုလုံးကို ကန့်ကွက်ပယ်ချလိုက်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၈ ရက်

## လက်ထောက်စာရင်းစစ်မှူးများ လုပ်ငန်းခွင်ဝင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၂/ ၂၀၂၂) သင်တန်းဆင်းအခမ်းအနား ကျင်းပ



**နေပြည်တော် ဇူလိုင် ၈**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နေပြည်တော်သင်တန်းကျောင်း၌ ဖွင့်လှစ်သည့် လက်ထောက်စာရင်းစစ်မှူးများ လုပ်ငန်းခွင်ဝင်ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၂/၂၀၂၂) သင်တန်းဆင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး(နေပြည်တော်) စုပေါင်းခန်းမ၌ကျင်းပသည်။

**အရည်အသွေးများပြည့်ဝနေစေရန် လိုအပ်**

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က စာရင်းစစ်ဆေးခြင်းသည် စာရင်းစစ်ဆေးခြင်းဆိုင်ရာ အတတ်ပညာများကို လေ့လာသင်ယူပြီး ဆောင်ရွက်ရသော ပညာရပ်ဆိုင်ရာလုပ်ငန်းစဉ်တစ်ခုဖြစ်သဖြင့် Professional တစ်ဦးတွင် ရှိသင့်ရှိထိုက်သည့် စစ်ဆေးရေးဆိုင်ရာ အရည်အသွေးများ ပြည့်ဝနေစေရန် လိုအပ်သကဲ့သို့ စစ်ဆေးသူနှင့် ဌာန၊ အဖွဲ့အစည်းများအကြား ကောင်းမွန်သောဆက်ဆံရေးဖြင့် ဆက်သွယ်ဆောင်ရွက်တတ်ရန် လိုအပ်ကြောင်း၊ စစ်ဆေးရေးလုပ်ငန်းသည် အဖွဲ့ဖြင့်ဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်၍ စစ်ဆေးရေးရည်မှန်းချက်များရရှိရန် ခေါင်းဆောင်မှုကို နားလည်သဘောပေါက်ပြီး လိုက်ပါ ဆောင်ရွက်တတ်ရန်လိုအပ်ကြောင်း။

ပြည်သူ့ဘဏ္ဍာရန်ပုံငွေကိုစစ်ဆေးဆောင်ရွက်ရသည့် နိုင်ငံ့ဝန်ထမ်းစာရင်းစစ်များအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့် စာရင်းစစ်၊ စာရင်းကိုင်စံများကို သိရှိနားလည်ပြီး ကျင့်ဝတ်သိက္ခာများနှင့်အညီ လိုက်နာဆောင်ရွက်ရန် အရေးကြီးကြောင်း မှာကြားသည်။

အဆိုပါသင်တန်းသို့ ရုံးချုပ်မှ သင်တန်းသားနှစ်ဦး၊ ပြည်ထောင်စုနယ်မြေမှ သင်တန်းသား တစ်ဦး၊ တိုင်းဒေသကြီး/ပြည်နယ်မှ သင်တန်းသား ၃၇ ဦး စုစုပေါင်းဝန်ထမ်းသစ်သင်တန်းသား ၄၀ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

သတင်းစဉ်

## မြန်မာ့လုပ်သားထု ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်စစ်ဆေးအကဲဖြတ်သူများ သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၈**

Assessor Methodology Training သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)ဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီဝင်များ၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေး ကော်မတီဝင်များနှင့် သင်တန်းသားများ တက်ရောက်ကြသည်။



**စစ်ဆေးရေးမှူး ၅၆၀ ကျော်**

သင်တန်းဆင်းပွဲတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့အနေဖြင့် အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေရသည့် စစ်ဆေးအကဲဖြတ်သူ(Assessor)များကို ၂၀၁၄ ခုနှစ်က စတင်မွေးထုတ်ခဲ့ပြီး စစ်ဆေးရေးမှူး ၅၆၀ ကျော် အသိအမှတ်ပြုပေးခဲ့ကြောင်း။

၂၀၂၀ ပြည့်နှစ်မှ ယနေ့အထိ Assessor Methodology Training ကို Online စနစ်ဖြင့် သင်တန်းသား ၂၀၀ ကျော် ပို့ချခဲ့ပြီး ယခုဘဏ္ဍာနှစ်အတွင်း စစ်ဆေးရေးမှူးသင်တန်းသား ၃၀၀ ကျော် မွေးထုတ်ပေးရန်ရှိကြောင်း။

သက်ဆိုင်ရာ အလုပ်အကိုင်အလိုက် အရည်အသွေးအာမခံချက်ရှိသည့် စစ်ဆေးအကဲဖြတ်မှုများ ဆောင်ရွက်နိုင်ရန် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်း နည်းစနစ်များ၊ အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှုများကို ထိရောက်စွာ စစ်ဆေးနိုင်မည့် စာတွေ့/လက်တွေ့ မေးခွန်းထုတ်နည်းများ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းစဉ်တွင် Assessor တစ်ဦး၏ တာဝန်ဝတ္တရားများ၊ လိုက်နာရမည့် ကျင့်ဝတ်များ၊ စစ်ဆေးအကဲဖြတ်ရေးဌာနတာဝန်ခံများ လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ အလုပ်အကိုင် ကျွမ်းကျင်မှု "စံ" ကို အတည်ပြုနိုင်ရန် Trial Test ပြုလုပ်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များအပြင် စစ်ဆေးအကဲဖြတ်မှုအောင်မြင်စေရန် ကြိုတင်ပြင်ဆင်ရမည့် အချက်များကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ ပြန်လည်အသုံးချရန်လိုကြောင်း။

Assessor Methodology Training သင်တန်းသားများသည် အလုပ်အကိုင်မျိုးစုံ၊ လုပ်ငန်းနယ်ပယ်စုံကဖြစ်၍ သင်တန်းဆင်းပြီးသည်နှင့် စစ်ဆေးအကဲဖြတ်မှုများတွင် အလေးထား ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

သတင်းစဉ်

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဇူလိုင် ၈**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပါသည်။

မိုး/ဇလ

# မြန်မာ့အားကစားအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့်အစည်းအဝေး ကျင်းပ

**ရန်ကုန် ဇူလိုင် ၈**

မြန်မာ့အားကစားအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ကျင်းပသည်။

အစည်းအဝေးတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက မြန်မာ့အားကစားအဆင့်အတန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန သာမက အဖွဲ့ချုပ်များအနေဖြင့် အားကစားနည်းတိုးတက်အောင်မြင်အောင် ကြိုးစားအားထုတ်ရန် လိုအပ်ကြောင်း၊ စည်းလုံးခြင်းသည်အင်အားတစ်ခုဖြစ်သည့်အတွက် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုမြင့်မြင့်မားမားမရရှိခဲ့သော်လည်း အားကစားသမားများသည်နိုင်ငံနှင့်လူမျိုးအတွက် သွားရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည့်အတွက် ထိုက်သင့်သော ရလဒ်ကောင်းများရရှိခဲ့ခြင်းဖြစ်ကြောင်း၊ (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် နိုင်ငံအလိုက်အဆင့်မကျအောင်ကြိုးစားရန်၊ ရရှိခဲ့ပြီးသည့် ရွှေ၊ ငွေနှင့် ကြေး ဆုတံဆိပ်ရလဒ်များထက် နှစ်ဆပိုမိုရရှိအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း။

နေပြည်တော် Youth Camp တွင် အားကစားသမား ၁၅၀ စတင်စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အတွက် အားကစားသမားကောင်းရရှိရန် မဖြစ်မနေ ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၊ အားကစားအဖွဲ့ချုပ်များ၊ အားကစားသမားများနှင့် နည်းပြများသည် လေးဦးလေးဖက် ဒေါက်တိုင်သဖွယ် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ဆောင်မှုတိုင်းတွင် ရူပဗေဒသဘောအရ "အရွေ့" ရှိဖို့ လိုအပ်ကြောင်း၊ "အရွေ့" ရှိရေးလုပ်ဆောင်ရာတွင် အခက်အခဲရှိပါက ရင်းနှီးပွင့်လင်းစွာတင်ပြပြီး ပြောင်းလဲရန်လိုအပ်ပါက ပြောင်းလဲဖွဲ့စည်းပေးသွားမည်ဖြစ်ကြောင်း၊ အချို့အဖွဲ့ချုပ်များ၌ သက်ဆိုင်ရာနိုင်ငံတကာအဖွဲ့ချုပ်များ၏ ပံ့ပိုးမှုများရရှိသည့်အတွက် ရရှိသောရန်ပုံငွေများကို စနစ်တကျသုံးစွဲရန် လိုအပ်ကြောင်း၊ အားကစားကိုနိုင်ငံနှင့်လူမျိုးအတွက် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး ဦးတည်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။




အစည်းအဝေးသို့ အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ပပို့ကုန် ငါး၊ ပုစွန်များ ပြုပြင်ထုပ်ပိုးမှုလုပ်ငန်းများအနေဖြင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ဇူလိုင် ၇ ရက်က ရန်ကုန် သာကေတမြို့နယ်ရှိ ပဋ္ဋိဇီဝ ဓာတ်ကြွင်းနှင့် ဗိုင်းရပ်စ်ပိုးစစ်ဆေးရေးဓာတ်ခွဲခန်း လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။



**ဆွေးနွေးမှာကြား**

ကြည့်ရှုစစ်ဆေးစဉ် ဓာတ်ခွဲခန်းတာဝန်ခံက နိုင်ငံတကာ၏ တရားဝင်အသိအမှတ်ပြုဓာတ်ခွဲခန်း ထောက်ခံချက်(ISO/IEC 17025:2017) လက်မှတ်ကို ပဉ္စမအကြိမ်ရရှိထားပြီး ပဋ္ဋိဇီဝဓာတ်ကြွင်းနှင့် ဗိုင်းရပ်စ်ပိုးစစ်ဆေးရေး ဓာတ်ခွဲခန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စစ်ဆေးရေးနှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပို့ကုန်များတွင် ကူးစက်ရောဂါနှင့် ဓာတ်ကြွင်းများ ပါဝင်မှုမရှိစေရေးလုပ်ငန်းများကို မြန်မာ့မွေးမြူရေးရေထွက်ကုန်များအတွက် ဓာတုဓာတ်ကြွင်းများ စောင့်ကြည့်စစ်ဆေးမှု အမျိုးသားအဆင့် စီမံချက် (National Residue Monitoring Plan–NRMP) နှင့်အညီ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ငါးရောဂါရှာဖွေရေးဌာနစု တာဝန်ခံက ငါး၊ ပုစွန်ရောဂါများကို ခေတ်မီနည်းစနစ်များဖြင့် ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်း၊ ကုသခြင်းနှင့် ပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုထိရောက်မှုရှိစေရန် ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ရေလုပ်ငန်းလုပ်ကိုင်နေကြသည့် ကျေးလက်ဒေသများရှိ ငါး၊ ပုစွန်မွေးမြူသူလုပ်ငန်းရှင်များ အသိပညာပေးခြင်း၊ ရေနေသတ္တဝါများ ကျန်းမာရေးထိန်းချုပ်မှုအထောက်အကူပြုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ငါးလုပ်ငန်းဦးစီးဌာန သာကေတမိကျောင်းမွေးမြူရေးစခန်း၏ မိကျောင်းမျိုးစိတ်များ ထိန်းသိမ်းထားရှိမှုနှင့် သုတေသနပြုလေ့လာနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက မိကျောင်းများ၏ကျန်းမာရေးနှင့် မိကျောင်းမွေးကန်များအား သန့်ရှင်းသပ်ရပ်စွာ အစဉ်တစိုက်ဆောင်ရွက်ရန် လိုအပ်ချက်များ၊ တရားမဝင် မိကျောင်းဖမ်းဆီးသတ်ဖြတ်ခြင်း၊ မိကျောင်းအသိုက်များ ဖျက်ဆီးခံရခြင်း၊ မိကျောင်းများ၏ ကျက်စားရာဂေဟစနစ်များ ယိုယွင်းပျက်စီးခြင်းတို့ကြောင့် မျိုးသုဉ်းပျောက်ကွယ်တော့မည့် ရေငန်မိကျောင်းများ၊ မျိုးထိန်းသိမ်းခြင်းလုပ်ငန်းများကို အများပြည်သူများ စိတ်ဝင်တစားပူးပေါင်းဆောင်ရွက်လာစေရေး အသိပညာဖြန့်ဝေပေးရန် လိုအပ်ချက်များ၊ အပန်းဖြေလာရောက်သူများအတွက် ဗဟုသုတရစေရန် စာအုပ်စာတမ်းများ၊ မိကျောင်းနှင့် ပတ်သက်သည့် လက်ကမ်းစာစောင်၊ မိကျောင်းဥပေါက်ပုံအဆင့်ဆင့်၏သိမှတ်ဖွယ်ရာများကို ပညာပေးဆောင်ရွက်ကြရန် လိုအပ်ချက်များ၊ ဝန်ထမ်းများနှင့် ဧည့်သည်များ ဘေးအန္တရာယ်ကင်းရှင်းစေရေး စီမံဆောင်ရွက်ရန် ကိစ္စရပ်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားပြီး မိကျောင်းပြုစုကန်အမှတ်(၁)တွင် မိကျောင်းသားပေါက်ငယ်များ မွေးမြူပြုစုထားရှိမှုအခြေအနေနှင့် မိကျောင်းများ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေးဌာနခွဲ ရေအရည်အသွေးစစ်ဆေးရေးနှင့် ရေချိုသုတေသနဌာနစုက ဆောင်ရွက်လျက်ရှိသော ကန်ရေ၏ရူပနှင့် ဓာတုဆိုင်ရာ ဓာတ်ခွဲခြင်းလုပ်ငန်းများ၊ မွေးမြူရေးကန်ရေ၏အရည်အသွေး ပိုမိုကောင်းမွန်လာစေရန် ကန်မြေသား၏ တိုင်းတာဓာတ်ခွဲခြင်းဖြင့် ငါး၊ ပုစွန်မွေးမြူကန်တူးဖော်ရန် သင့်လျော်သော မြေနေရာရွေးချယ်နိုင်ရေး၊ ပြင်ပအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အခြားဌာနဆိုင်ရာများ၊ တက္ကသိုလ်များမှ လိုအပ်သည့်ရေ၊မြေအရည်အသွေးဓာတ်ခွဲတိုင်းတာပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်ချက်များ ဖြည့်ဆည်းဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းကြီးကြပ်မှု တန်းမြင့်သင်တန်းအမှတ်စဉ်(၈၈) သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) စစ်ရေးပြကွင်းတွင် ယနေ့ နံနက် ၇ နာရီခွဲ၌ စာရေးဝန်ထမ်းကြီးကြပ်မှုတန်းမြင့်သင်တန်း အမှတ်စဉ်(၈၈)သင်တန်းဆင်းပွဲအခမ်းအနားကို ကျင်းပရာ သင်တန်းဆင်းတပ်ခွဲက ပါမောက္ခချုပ် ဦးဇော်ဇော်ကို ချီတက်အလေးပြုကြသည်။

ယင်းနောက် ပါမောက္ခချုပ်က သင်တန်းသားစံပြဆုကို သင်တန်းသား ဦးဇာဏီဖြိုး ဌာနခွဲစာရေး နိုင်ငံခြားရေးဝန်ကြီးဌာနကို လည်းကောင်း၊ သင်တန်းသူစံပြဆုကို သင်တန်းသူ ဒေါ်အိအိဖြိုး၊ ဌာနခွဲစာရေး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာနကို လည်းကောင်း ချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူ ပထမဆု၊ ဒုတိယဆု၊ သေနတ်ပစ် ထူးချွန်ဆု၊ စစ်ရေးပြ ထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်းအောင်လက်မှတ်များကို ဆက်လက်ချီးမြှင့်ခဲ့ပြီး သင်တန်းဆင်း အမှာစကား ပြောကြားသည်။



သင်တန်းဆင်းပွဲသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး/ပါမောက္ခများ၊ ဌာနမှူးများ၊ ကထိကများ၊ ဌာနခွဲမှူးများ၊ သင်တန်းမှူးများ၊ လက်ထောက်ကထိကများ၊ ဌာနစုမှူးများ၊ နည်းပြဆရာများနှင့် သင်တန်းသား ၅၈ ဦး၊ သင်တန်းသူ ၁၉၄ ဦး စုစုပေါင်း ၂၅၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၅ ရက်မှ ဇူလိုင် ၇ ရက်ထိ ရက်သတ္တ ၁၀ ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❒ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်ထံသို့လည်းကောင်း၊ အဆွေတော်ထံမှတစ်ဆင့် ဂျပန်အစိုးရနှင့် Mr. Abe ၏ မိသားစုဝင်များထံသို့ လည်းကောင်း အထူးဝမ်းနည်းကြေကွဲရပါကြောင်း ပြောကြားလိုပါသည်။

ဂျပန်နိုင်ငံနှင့် ပြည်သူများအတွက် Mr. Abe ၏ စံနမူနာယူထိုက်သော ပေးဆပ်မှုများကို ဂျပန်ပြည်သူများ၏ နှလုံးသားတွင် အစဉ်အမြဲကိန်းအောင်းနေမည်ဖြစ်ပါသည်။ Mr. Abe သည် မြန်မာနိုင်ငံ၏ စစ်မှန်သောမိတ်ဆွေကောင်းနှင့် မိတ်ဆွေဟောင်း တစ်ဦးဖြစ်ပြီး ၎င်း၏ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆက်ဆံရေး ပိုမိုခိုင်မာစေရန် သန္နိဋ္ဌာန်ချ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများအပေါ် မြန်မာပြည်သူများအနေဖြင့် အမြဲအောက်မေ့သတိတရရှိနေမည် ဖြစ်ပါသည်။ ယခုလိုပူဆွေးသောကရောက်နေသည့်အချိန်တွင် မြန်မာပြည်သူများကလည်း ဂျပန်ပြည်သူများနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ထပ်လောင်းဖော်ပြအပ်ပါကြောင်း ဖော်ပြထားပါသည်။

ထို့ပြင် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း Mr. Shinzo Abe ၏ ဇနီးဖြစ်သူ Mrs. Akie Abe ထံသို့လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဝမ်းနည်းကြောင်း သဝဏ်လွှာကို ပေးပို့ထားကြောင်း သိရှိရသည်။

# တိုင်းရင်းသားရိုးရာယဉ်ကျေးမှု နှီးနှောဖလှယ်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားများ၏ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု နှီးနှောဖလှယ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ခန်းမ၌ ကျင်းပသည်။



### ယုံကြည်မျှော်လင့်

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ယနေ့ကျင်းပသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု နှီးနှောဖလှယ်ပွဲမှ တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားလူမျိုးများအချင်းချင်း ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာ သမိုင်းကြောင်းများကို အပြန်အလှန် သိရှိနားလည်ပြီး ယခင်ကထက်ပိုမိုသည့် အပြန်အလှန်လေးစားမှု၊ ချစ်ကြည်စည်းလုံးမှုများရရှိလာမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ ထို့ကြောင့် အဓိပ္ပာယ်များပြည့်ဝနေသည့် ယခုလို နှီးနှောဖလှယ်ပွဲများကို အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင်ပါဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းပြည်စည်ပင်သာယာဝပြောရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးတို့အတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားသည်။

ယင်းနောက် နှီးနှောဖလှယ်ပွဲသို့တက်ရောက်လာကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကို ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ထောက်ပံ့ငွေများ ပေးအပ်သည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားလူငယ်များ နည်းပညာဖွံ့ဖြိုးတိုးတက်လာစေရေး ရည်ရွယ်ဖွင့်လှစ်မည့် ကွန်ပျူတာသင်တန်းများ၌ အသုံးပြုနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ နည်းပညာအကြံပေး IT ပညာရှင် ဦးလင်းဦးက DELL Laptop အလုံး ၂၀ ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးထံ ပေးအပ်ပြီး တိုင်းရင်းသားရေးရာဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ယင်းနောက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)မှ ယဉ်ကျေးမှုအကအဖွဲ့များနှင့် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအကအဖွဲ့တို့က တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေကြသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ကျင်းပရာ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက တိုင်းရင်းသားရိုးရာ နှီးနှောဖလှယ်ပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ ဦးစိုင်းကျော်ထူးက ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများအကြောင်းကို လည်းကောင်း၊ ကိုးကန့်စာပေနှင့် ယဉ်ကျေးမှုအသင်းမှ ဦးအောင်အောင်က ကိုးကန့် တိုင်းရင်းသားလူမျိုးတို့၏ သမိုင်းအကျဉ်းနှင့် ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကို လည်းကောင်း၊ ဥ(ပ်)ပူး(ချင်း)စာပေနှင့် ယဉ်ကျေးမှုအသင်းမှ ဦးလှမောင်က ဥ(ပ်)ပူး(ချင်း) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများအကြောင်းကို လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကိုးကန့်တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့နှင့် ရှမ်းယဉ်ကျေးမှုအကအဖွဲ့တို့က ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီးတို့က ဆွေးနွေးပွဲတွင် နှီးနှောဖလှယ်ခဲ့ကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကို မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း Mr. Shinzo Abe လုပ်ကြံခံရမှုနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေဆိုချက်

**မေး။** ဒီနေ့မနက်ပိုင်းမှာ ဂျပန်နိုင်ငံ နာရာမြို့မှာ ကျင်းပတဲ့ နိုင်ငံရေးအခမ်းအနားတစ်ခုမှာ ဂျပန်ဝန်ကြီးချုပ်ဟောင်း Mr. Shinzo Abe တက်ရောက်ပြီး မိန့်ခွန်းပြောကြားနေစဉ်မှာ သေနတ်နဲ့ ပစ်ခတ်လုပ်ကြံခံရတယ်လို့ သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံ၏ သဘောထားကို သိလိုပါတယ်။

**ဖြေ။** ဒီကိစ္စနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့ များစွာအံ့သြဝမ်းနည်း တုန်လှုပ်မိပါတယ်။ လုပ်ကြံမှုကိုလည်း ပြင်းထန်စွာ ရှုတ်ချပါတယ်။ Mr. Shinzo Abe ဟာ မြန်မာနိုင်ငံအတွက် မိတ်ဆွေကောင်းဖြစ်သလို မိတ်ဆွေဟောင်းတစ်ဦးလည်း ဖြစ်ပါတယ်။ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး များစွာဝမ်းနည်းရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပြည်တွင်း ပြည်ပမည်သည့် အကြမ်းဖက်လုပ်ရပ်ကိုမဆို




လုပ်ကိုင်တဲ့ အကြမ်းဖက်ပုဂ္ဂိုလ်၊ အကြမ်းဖက်အဖွဲ့အစည်းများအပေါ် ပြင်းထန်စွာရှုတ်ချပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့လည်း ဝမ်းနည်းကြောင်း စာများပေးပို့ပြီးဖြစ်ပါတယ်။

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် မိသားစုများအား ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့



ရန်ကုန် ဇူလိုင် ၈

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် အလှူရှင်တို့ ပူးပေါင်း၍ ရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်လောကသား မိသားစုများ၏ သားသမီး ၁၃၄ ဦးကို ကျောင်းဝတ်စုံ၊ ကျောင်းသုံးသင်ထောက်ကူပစ္စည်းများနှင့် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်သည့်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကဘာလမ်းရှိမြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက ဦးအောင်လွင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းတို့က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသောငွေကျပ် ၁၀ သိန်းအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ အကြံပေး ဦးသိန်းနိုင်က ပေးအပ်ရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယကနှင့် ဥက္ကဋ္ဌတို့က လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအဖွဲ့ဝင်များဖြစ်ကြသည့် ရုပ်ရှင်သရုပ်ဆောင်များနှင့် အလှူရှင်များက ပညာသင်ထောက်ပံ့စရိတ် ငွေကျပ် ၁၅၀၀၀၊ ကျောင်းစိမ်းဝတ်စုံ တစ်စုံ၊ ဗလာစာအုပ် နှစ်ဒါဇင်၊ ကွန်ပါဘူး၊ ခဲတံ၊ ဘောပင်၊ ချွန်စက်၊ ခဲဖျက်၊ ရေဘူးနှင့် ထီးတို့ကို ကျောင်းသား ကျောင်းသူ ၁၃၄ ဦးတို့အား ထောက်ပံ့ပေးအပ်သည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အဖွဲ့ဝင်များနှင့် ရုပ်ရှင်သရုပ်ဆောင်များ၊ ရုပ်ရှင်အလွှာ ၁၀ လွှာမှ လောကသားများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်း - ညီမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**

# ၁-၇-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၇) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေများ

(ယမန်နေ့မှအဆက်)

**နေပြည်တော်တိုင်းအွန်လိုင်း သတင်းအေဂျင်စီမှ အယ်ဒီတာချုပ် ဦးမင်းမောင်က** မြန်မာနိုင်ငံ အာဆီယံအထူးကိုယ်စားလှယ် သံအမတ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mr. Prak Sokhonn သည် ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်ပြီး နေအိမ်တွင် ပြန်လည်ရွှေ့ပြောင်းထားရှိရန်အတွက် စာတစ်စောင်ထွက်ရှိလာသည်ကိုတွေ့ရကြောင်း၊ ယင်းနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်သို့သဘောထားမှတ်ချက်ရှိသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဥပဒေအထက်တွင် မည်သူမျှမရှိ**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မီဒီယာများအနေဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ မိမိအား အတော်များများ မေးပြီးဖြစ်ကြောင်း၊ ယခင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်ပြီး မိမိအနေဖြင့် ပုံသေတစ်ခုသာ ဖြေကြားခဲ့ကြောင်း၊ နံပါတ်တစ်အချက်မှာ ဥပဒေအထက်တွင် မည်သူမျှမရှိကြောင်း၊ နေရာပြောင်းရွှေ့ထားသည့်အခါတွင်လည်း ယခင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ပတ်သက်ပြီး အထူးတလည်စောင့်ရှောက်မှုများ ပြုလုပ်ထားကြောင်း၊ အဓိကအားဖြင့် လုံခြုံရေးနှင့် ပတ်သက်သည့်ကိစ္စများ၊ တရားရုံးထုတ်သည့် အချိန်တွင် ပိုမိုအဆင်ပြေစေရန်အတွက် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ "ဥပဒေအထက်တွင် မည်သူမျှမရှိ"ဟု မိမိအနေဖြင့် ပြောလိုကြောင်း ဖြေကြားသည်။

**NHP သတင်းဌာနမှ သတင်းထောက် နန်းစုစုစံ**က တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်သည့်မေးခွန်းကို မေးမြန်းသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည် ယနေ့တွင် CDM ပညာရေးဝန်ထမ်းများနှင့် PDF များသာမက အကြမ်းဖက်နိုင်ငံရေးလှုံ့ဆော်သူများကြောင့် နေရပ်စွန့်ခွာပြီး လမ်းမှားပေါ်ရောက်နေသည့် လူငယ်လူရွယ်၊ CDM ဝန်ထမ်းများအပါအဝင် အားလုံးကို ပြန်လည်ဖိတ်ခေါ်နေသည်ကို တွေ့မြင်ရကြောင်း၊ တစ်ဖက်တွင်လည်း ပြည်ပနိုင်ငံတချို့၏ သွေးထိုးပါဝင်ပတ်သက်မှုများကြောင့် ဥကရစ်ထတိုက်ပွဲများကဲ့သို့ဖြစ်စဉ်များ ပေါ်ပေါက်လာသည်ကို တွေ့မြင်ရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ပြည်သူ့ဘဝကို ပြန်လည်ခံယူလိုသူများအတွက် လုံခြုံရေးအာမခံချက် မည်မျှအထိ တာဝန်ယူပေးမည်ဆိုသည်နှင့် ပြည်ပနိုင်ငံများ၏စွက်ဖက်မှု ပါဝင်လာသည့်တိုက်ပွဲများ နောင်တွင်ရှိမလာရန် မည်ကဲ့သို့တာဝန်ယူသွားမည်ကို သိလိုကြောင်း၊ ယနေ့ဖြစ်ပေါ်နေသည့် အနယ်နယ်အရပ်ရပ်က ခိုးဆိုးလုယက်မှုများ၊ အာဏာပါဝါသုံးပြီး ဥပဒေမဲ့ပြုကျင့်နေသည့်ကိစ္စရပ်များအပေါ် ထိထိရောက်ရောက် အရေးယူနိုင်ရန်အတွက် မည်သို့စီမံဆောင်ရွက်နေသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မိမိတို့ပြန်လည်ဖိတ်ခေါ်ခဲ့သည့်အထဲတွင်လည်း ပါဝင်ပြီးဖြစ်ကြောင်း၊ ပြည်သူ့ဘဝလုံခြုံအေးချမ်းစွာ နေနိုင်ရေးအတွက် အာမခံပြီးဖြစ်ကြောင်း၊ PDF အဖွဲ့များ အနယ်နယ်အရပ်ရပ်မှ အလင်းဝင်ရောက်လာသည်မှာ ၂၀၅ ဦးဖြစ်ကြောင်း၊ ထို့အပြင် ၎င်းတို့ရှေ့တွင် တချို့သော CDM ဝန်ထမ်းများ၊ တချို့သောသူများ ပြန်လည်ဝင်ရောက်လာသူများရှိကြောင်း၊ ယင်းသို့ ပြန်လည်ဝင်ရောက်လာသည့်အချိန်တွင် ဝန်ထမ်းစည်းကမ်းအရ လုပ်သင့်လုပ်ထိုက်သည်များ ဆောင်ရွက်၍ အလုပ်ပြန်လည်လုပ်နေသူများရှိပြီး အလုပ်မှထွက်သွားသူများလည်းရှိကြောင်း၊ ၅၀၅(ခ)ဖြင့် အနုပညာရှင်များလည်း လွတ်လာသူများရှိကြောင်း၊ ၎င်းတို့လည်း အေးချမ်းစွာနေထိုင်လျက်ရှိကြောင်း၊ လမ်းပေါ်တွင် ခိုးဆိုးလုယက်မှုများ၊ တချို့သော လက်နက်ရရှိသူများအနေဖြင့် ခြိမ်းခြောက်မှုများ ကျူးလွန်နေသည်လည်းရှိကြောင်း၊ ထိုကိစ္စများကို လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် အမြန်ဆုံး တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် မိမိတို့ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ဒေသအသီးသီး၌ ပြည်သူ့လုံခြုံရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းပြည်သူ့လုံခြုံရေးအဖွဲ့များတွင် ပြည်သူလူထုအနေဖြင့် တစ်တပ်တစ်အားပါဝင်ပေးရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီနိုင်ငံကို ပြန်လည်ထူထောင်သည့်နေရာတွင် တည်ငြိမ်အေးချမ်းရေးက ပိုမိုအရေးကြီးကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းရေးရှိရန်၊ တရားဥပဒေစိုးမိုးမှုရှိရန်အတွက် ပြည်သူလူထုက ဝိုင်းဝန်းကူညီပံ့ပိုးပေးကြရန် မိမိအနေဖြင့် တိုက်တွန်းလိုကြောင်း ဖြေကြားသည်။

**97 မီဒီယာမှ သတင်းထောက်ချုပ် နန္ဒလင်း (ထားဝယ်)**က ၁၆-၆-၂၀၂၂ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ကို ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) မှ ဌာနေကိုယ်စားလှယ် Mr. Marcoluigi Corsi သည် ၎င်း၏ခန့်အပ်လွှာကို လာရောက်ပေးအပ်ခဲ့သည်ကို သိရှိရကြောင်း၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) နှင့် နိုင်ငံတော်အစိုးရတို့၏ကျန်းမာရေးကဏ္ဍနှင့် ပညာရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ယင်း UNICEF အဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာနနှင့် ယခင်ကတည်းက လက်တွဲဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းဖြစ်ကြောင်း၊ ယခုအချိန်အထိလည်း လက်တွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဖြေကြားပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**အမြဲတမ်းလက်ကမ်းကြိုဆိုလျက်ရှိ**

**ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) သည် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာလတာရှည်စွာ လက်တွဲဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ထိုသို့လက်တွဲပူးပေါင်းဆောင်ရွက်သည့်အချိန်တွင် အသက်တစ်နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ၊ အာဟာရမြှင့်တင်ရေးလုပ်ငန်းများကို အဓိကထား ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ဆက်လက်ပြီး ဆောင်ရွက်မည့်လုပ်ငန်းများလည်း ရှိကြောင်း၊ ထိုသို့ဆောင်ရွက်မည့်လုပ်ငန်းများမှာ အသက်တစ်နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် ပုံမှန်ကာကွယ်ဆေးထိုးခြင်း ဆောင်ရွက်ရာတွင် လိုအပ်သည့်ကာကွယ်ဆေးများကို နိုင်ငံတော်ရန်ပုံငွေဖြင့် ဝယ်ယူရာ၌ အရေအတွက်ခန့်မှန်းတွက်ချက်ခြင်း၊ Gavi Alliance အဖွဲ့နှင့် အသက်တစ်နှစ်အောက်များအတွက် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ရာတွင် Co-Financing နည်းစနစ်ဖြင့် ကာကွယ်ဆေးများဝယ်ယူရန်ဆောင်ရွက်ပေးခြင်း၊ ကာကွယ်ဆေးများ ပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်ပေးခြင်းတို့ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံရေးနှင့်ပတ်သက်သည့် အခြေခံအဆောက်အအုံများဆောင်ရွက်ခြင်း၊ အအေးလမ်းကြောင်းထိန်းရေခဲသေတ္တာများကို ကျေးလက်ကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် တိုးချဲ့တပ်ဆင်ရန်စီစဉ်ဆောင်ရွက်ခြင်း၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများနှင့် ကာကွယ်ရေးဆိုင်ရာဆက်စပ်ပစ္စည်းများကို ပံ့ပိုးပေးခြင်း၊ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းဆိုင်ရာ ပြည်သူလူထု၏အမြင်ကို လေ့လာဆန်းစစ်ခြင်း၊ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များဆိုင်ရာ လိုအပ်သည့် အိုင်တီနည်းပညာပစ္စည်းများကိုပံ့ပိုးပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများအတွက်နှင့် အအေးလမ်းကြောင်းထိန်းဝန်ထမ်းများအတွက် ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ ပို့ချခြင်း၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်ဆေးဝါးနှင့် အာဟာရဖြည့်စွက်စာများ ပံ့ပိုးခြင်း၊ အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေးလုပ်ငန်းများအတွက် ပံ့ပိုးခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)အဖွဲ့ကဲ့သို့သော မိတ်ဖက်အဖွဲ့အစည်းများကို ထိုကဲ့သို့သောလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အမြဲတမ်းလက်ကမ်းကြိုဆိုလျက်ရှိပါကြောင်း ဖြည့်စွက်ဖြေကြားသည်။

**နေပြည်တော်မှုခင်းနှင့် သတင်းစုံအွန်လိုင်း သတင်းအေဂျင်စီမှ သတင်းထောက် ဦးဇော်ဝင်း**က မိမိအနေဖြင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် တမူးနယ်စပ်တွင် အရေးပေါ်လိုအပ်နေသည့် အကူအညီများကို တစ်မိနစ်ခန့်တင်ပြလိုကြောင်း၊ တမူးခရိုင်သည် အိန္ဒိယနယ်စပ်နှင့် မိုင်ပေါင်းရာချီပြီး တစ်ဆက်တည်းဖြစ်ကြောင်း၊ လမ်းတစ်လမ်းသာရှိကြောင်း၊ ထိုလမ်းတွင် နိုင်ငံရေးအခြေအနေ၊ ကျန်းမာရေးအခက်အခဲအရ သွားလာရန်အတွက် ယခုအချိန်တွင် မိုးရာသီဖြစ်သည့်အတွက်ကြောင့် အခက်အခဲများစွာ ကြုံတွေ့လျက်ရှိကြောင်း၊ လက်ကျိုးခြေကျိုးများကို တစ်ရက်နှစ်ရက်ခန့် စောင့်၍ရသော်လည်း ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် တမူးဆေးရုံကြီးတွင် လုံးဝကုသ၍မရကြောင်း၊ ကလေးနှင့် မန္တလေးကိုပို့ရကြောင်း၊ ထိုအချိန်တွင် ပရဟိတကားများအနေဖြင့် သွားသော်လည်း အသက်အန္တရာယ်ကြောင့် အခက်အခဲများစွာကြုံတွေ့လျက်ရှိကြောင်း၊ ယခင်က ခရိုင်ဆရာဝန်ကြီး ဒေါက်တာဦးသူရရှိသဖြင့် အဆင်ပြေကြောင်း၊ ကိုဗစ်ကာလတွင်လည်း လူနာများကို ကုသပေးကြောင်း၊ စာမျက်နှာ ၁၁ သို့ ■



ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။

**တရားမဝင် လိုင်စင်မဲ့မော်တော်ယာဉ်များကို တရားဝင်လိုင်စင်ဖြစ်အောင် ဆောင်ရွက်မည်ဆိုပါက တရားဝင်တင်သွင်းလာသည့် ယာဉ်ပိုင်ရှင်များ နစ်နာမှုရှိပြီး ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ထားသည့်ကား Showroom များနှင့် Sale Center များလည်း ထိခိုက်လာနိုင်ကြောင်း၊ ကန့်ကွက်မှုများ ဖြစ်လာနိုင်ကြောင်း၊ ပြည်တွင်းကားဈေးကွက်လည်း ကမောက်ကမဖြစ်လာနိုင်ကြောင်း၊ ထို့အပြင် တည်ဆဲဥပဒေ၊ နည်းဥပဒေများကို ဖောက်ဖျက်ကျော်လွန်သည့်ကိစ္စလည်းဖြစ်ကြောင်း၊ နိုင်ငံတကာ၏ကျင့်သုံးနေသည့်စနစ်များကိုလည်း ဆန့်ကျင်ရာရောက်ကြောင်း၊ တရားမဝင်တင်သွင်းမှုကိုလည်း အားပေးရာရောက်မည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများမှ ခိုးလာသည့်ယာဉ်များဖြစ်ပါက ပြဿနာပိုပြီး ကြီးလာနိုင်ကြောင်း၊ ပိုပြီးကန့်ကွက်ခံရနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် လိုင်စင်ဖြင့်ထုတ်ပေးရန် အစီအစဉ်မရှိ**

■ **စာမျက်နှာ ၁၀ မှ**

ယခုအခါ ဒေါက်တာဦးသူရ ပြောင်းသွားပြီး ထပ်မံရောက်ရှိသည့် ခရိုင်ဆရာဝန်ကြီးကလည်း ကိုးဆယ့်ခြောက်ပါးရောဂါဖြင့် သေဆုံးသွားကြောင်း၊ ထို့ကြောင့် တမူးခရိုင်အတွင်း အဓိကအားဖြင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် ဆေးရုံကြီးတွင် ခွဲစိတ်ကုသနိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်ပေးနိုင်ရေး ပြည်သူလူထုအနေဖြင့် မျှော်လင့်လျက်ရှိကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို အသေးစိတ်မှတ်ထားပေးရန်နှင့် ပြန်လည်စိစစ်ပြီး လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင် ကျန်းမာရေးနှင့်ပတ်သက်၍ လူ့အသက်ထက်အရေးကြီးသည်မှာ ဘာမျှမရှိဟု ခံယူထားကြောင်း၊ ဦးစားပေးအဆင့်တွင် ပါဝင်ကြောင်း၊ စိစစ်ပြီးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်ပြီး **နေပြည်တော်မှခင်းနှင့် သတင်းစုံ အွန်လိုင်းသတင်းအေဂျင်စီမှ သတင်းထောက် ဦးဇော်ဝင်း**က နိုင်ငံတော်အစိုးရအနေဖြင့် Without ကားများကိုဖမ်းဆီးပြီး တရားစွဲဆိုခြင်း၊ လေလံတင်ရောင်းချခြင်းမှ အခွန်ဝင်ငွေများ ရရှိနေသည်ကို သိရှိရကြောင်း၊ လက်ရှိ မြန်မာနိုင်ငံအတွင်းတွင် Without ကားများရှိနေနိုင်ကြောင်း၊ ထို့ကြောင့် တပ်မတော်က အာဏာကို ခေတ္တထိန်းထားသည့် အချိန်တွင် အချိန်ကာလတစ်ခုသတ်မှတ်ပြီး ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ လေလံတင်ရောင်းချခြင်းထက် အစီအစဉ်တစ်ခုအနေဖြင့် လိုင်စင်ထုတ်ပေးခြင်း၊ တစ်ခုခုသတ်မှတ်ပေးခြင်း၊ နိုင်ငံတော်၏အခွန်ဘဏ္ဍာ ရရှိအောင် အစီအစဉ်လုပ်ပေးနိုင်ခြင်းရှိ၊ မရှိ သိလိုကြောင်း မေးမြန်းသည်။

**တရားဝင် တင်သွင်းလာသည့်**
**ယာဉ်ပိုင်ရှင်များ နစ်နာမှုရှိ**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ထိုလိုင်စင်မဲ့ကားများနှင့်ပတ်သက်၍ သတင်းမျိုးစုံကို အွန်လိုင်းပေါ်တွင်လည်း တွေ့မြင်ကြောင်း၊ ယခင် နယကအစိုးရလက်ထက်တွင် ၈၅ ရာခိုင်နှုန်း ဒဏ်ကြေးပေးဆောင်ပြီး တရားဝင်ယာဉ်အဖြစ် မှတ်ပုံတင်ပေးထားသည့် မှတ်ပုံတင်သည့်လုပ်ငန်း လုပ်ခဲ့ခြင်းရှိကြောင်း၊ ယာဉ်အရေအတွက် ၆၀၀၀ ကျော်ရှိကြောင်း၊ ထိုအချိန်တွင် အခြေအနေကတစ်မျိုးဖြစ်ကြောင်း၊ ယခုလက်ရှိအခြေအနေတွင် တရားမဝင်လိုင်စင်မဲ့မော်တော်ယာဉ်များကို တရားဝင်လိုင်စင်ဖြစ်အောင် ဆောင်ရွက်မည်ဆိုပါက တရားဝင်တင်သွင်းလာသည့် ယာဉ်ပိုင်ရှင်များနစ်နာမှုရှိပြီး ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ထားသည့် ကား Showroom များနှင့် Sale Center များလည်း ထိခိုက်လာနိုင်ကြောင်း၊ ကန့်ကွက်မှုများ ဖြစ်လာနိုင်ကြောင်း၊ ပြည်တွင်းကားဈေးကွက်လည်း ကမောက်ကမဖြစ်လာနိုင်ကြောင်း၊ ထို့အပြင် တည်ဆဲဥပဒေ၊ နည်းဥပဒေများကို ဖောက်ဖျက်ကျော်လွန်သည့်ကိစ္စလည်းဖြစ်ကြောင်း၊ နိုင်ငံတကာ၏ကျင့်သုံးနေသည့်စနစ်များကိုလည်း ဆန့်ကျင်ရာရောက်ကြောင်း၊ တရားမဝင်တင်သွင်းမှုကိုလည်း အားပေးရာရောက်မည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများမှ ခိုးလာသည့်ယာဉ်များဖြစ်ပါက ပြဿနာပိုပြီးကြီးလာနိုင်ကြောင်း၊ ပိုပြီးကန့်ကွက်ခံရနိုင်ကြောင်း၊ ဝယ်လာသည့်ယာဉ်များသည် Second Hand ဖြစ်သည်ကိုလည်း သိပြီးဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများလည်း မလိုလားအပ်သည့်ကိစ္စများ ရှုပ်ထွေးလာနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် လိုင်စင်ဖြင့်ထုတ်ပေးရန် အစီအစဉ်မရှိကြောင်း ဖြေကြားသည်။

**မြန်မာသံတော်ဆင့် သတင်းဌာနမှ အယ်ဒီတာ ဦးကိုကိုကြီး**က (၂၀၀၈) ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဖော်ဆောင်ခဲ့သည့် ညောင်နှစ်ပင်ခန်းမကြီးကို နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် သွားကြည့်ပြီး အကြီးစားပြင်ဆင်နေမှုများကို တွေ့ရပါကြောင်း၊ ယခင်အစိုးရခေတ်က စာအုပ်စိမ်းကြီးဖော်ဆောင်ခဲ့သည့်နေရာဟူ၍ အမုန်းတရားဖြင့် မပြုပြင်ဘဲ အမိုးများနှင့် ခုံများပျက်စီးနေသည်များကို တွေ့ရပါကြောင်း၊ တိုင်းရင်းသားအဖွဲ့များအနေဖြင့် တွေ့ဆုံသည့်နေရာတွင် ဖက်ဒရယ်ဒီမိုကရေစီစနစ်ဖော်ဆောင်ရန်အတွက် ဆက်လက်ဆွေးနွေးမည်ဟု နိုင်ငံ့ခေါင်းဆောင်အနေဖြင့် ပြောကြားသည်ကို တွေ့ရပါကြောင်း၊ ဖက်ဒရယ်ဒီမိုကရေစီစနစ် ဖော်ဆောင်ရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်များ၊ ပါဝင်သင့်ပါဝင်ထိုက်သူများနှင့် တွေ့ဆုံဆွေးနွေးရန်အတွက် ၂၀၂၃ ခုနှစ် ရွေးကောက်ပွဲမတိုင်မီ ညောင်နှစ်ပင်ညီလာခံ ပြန်လည်ကျင်းပရန်အစီအစဉ် ရှိ၊ မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**စိုက်ပျိုး၊ မွေးမြူရေးနှင့်ပတ်သက်ပြီး**
**ကျောင်းဖွင့်ရန် ဆောင်ရွက်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ညောင်နှစ်ပင်သွားခြင်းမှာ ယခင်က သမိုင်းဝင်ခဲ့သည့်အဆောက်အအုံဖြစ်သည့်အတွက်ကြောင့် ပြန်လည်ထိန်းသိမ်းသင့်သည့်ရည်ရွယ်ချက်ဖြင့် သွားခြင်းဖြစ်ကြောင်း၊ စိုက်ပျိုး၊ မွေးမြူရေးနှင့်ပတ်သက်ပြီး ကျောင်းဖွင့်ရန် ဆောင်ရွက်နေခြင်းရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်ပြီး အထူးစီမံကိန်းများ ဆောင်ရွက်နေခြင်းများရှိခြင်းကြောင့် သွားရောက်စစ်ဆေးခြင်းဖြစ်ကြောင်း၊ ရိုးရိုးသားသားဖြစ်ကြောင်း ဖြေကြားသည်။

**တဲ့ပြောသတင်းမီဒီယာမှ အယ်ဒီတာချုပ် ဦးဇော်မင်းဦး**က မေးခွန်းမမေးမီ ကျေးဇူးတင်စကားပြောလိုပါကြောင်း၊ သတင်းစာရှင်းလင်းပွဲကို တချို့ကဝေဖန်မှုများရှိကြောင်း၊ သတင်းစာရှင်းလင်းပွဲတက်သောသူနှင့် မတက်သောသူဟူ၍ရှိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည့်အဖွဲ့များက အလကားပါဟု ပြောကြကြောင်း၊ မိမိလက်ခံလိုက်သည်မှာ ဒေါက်တာဇော်မြင့်မောင်နှင့် ဒေါက်တာအောင်မိုးညိုတို့က စတုတ္ထမဏ္ဍိုင်မရှိဟု ပြောသည့်အချိန်တွင် စတုတ္ထမဏ္ဍိုင်ကို လေးစားပါသည်ဟုပြောခဲ့သည့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို ကျေးဇူးတင်ပါကြောင်း၊ သတင်းစာရှင်းလင်းပွဲတွင် မိမိမေးသည့် ကားများအလဟဿဖြစ်နေသည်ကို ချက်ချင်းအကောင်အထည်ဖော်ဆောင်သည့်အတွက် ဝမ်းသာပါကြောင်း၊ သံတမန်နည်းလမ်း (ဗီယင်နာကွန်ဗင်းရှင်း)ကို ချိုးဖောက်သည့်နိုင်ငံများက မိမိတို့နိုင်ငံကို သွေးတိုးစမ်းပါကြောင်း၊ သံအမတ်ကြီးအဆင့်မှ ယာယီသံရုံးတာဝန်ခံအနေဖြင့် ထားခဲ့သည့်နိုင်ငံများကို မိမိတို့နိုင်ငံကလည်း ပြတ်ပြတ်သားသား ယာယီသံရုံးတာဝန်ခံအနေဖြင့်ထားခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာကို မိမိနိုင်ငံကပိုင်ပြီး မိမိတို့နိုင်ငံ၏အချုပ်အခြာအာဏာကို မစော်ကားနှင့်ဟု (ဂျီနီဗာကွန်ဗင်းရှင်း)ကို လက်မှတ်ထိုးထားပြီး ၁၆၄ နိုင်ငံမြောက်ဝင်ထားသည့် မိမိတို့မြန်မာနိုင်ငံ၏ သတ္တိကိုပြသည်ဟု မိမိအနေဖြင့် ယူဆပါကြောင်း၊ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ပြောသည့် "၎င်းဘဝတွင် မလုပ်ရဲတာမရှိဘူး"ဟူသည့်စကားကို မိမိယူသုံးလိုပါကြောင်း၊ တစ်ဖက်က ၎င်းတို့အမြင်ဖြစ်သည့် NLD ပါတီက ဒေါ်အောင်ဆန်းစုကြည်အပါအဝင် သမ္မတဦးဝင်းမြင့်နှင့် ဝန်ကြီးများကို အဂတိလိုက်စားမှုဖြင့်အရေးယူကြောင်း၊ တပ်မတော်က အနိုင်ကျင့်သည်ဟု စွပ်စွဲနေသည့်အချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူထားချိန်တွင် ၎င်းကိုယ်တိုင် ခန့်အပ်ထားသည့် ဝန်ကြီးချုပ်များ၊ ဝန်ကြီးများကိုလည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် မှားသည့်သူအား မှားသည့်အတိုင်း အရေးယူမည်၊ အပြစ်ရှိသူကို အပြစ်ရှိသည့်အတိုင်း အရေးယူမည်ဆိုသည်ကို လက်တွေ့လည်းပြနေပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရတက်လာပြီး NLD နှင့် ယခင် အဂတိလိုက်စားခဲ့သည့်ပုဂ္ဂိုလ်များကို ကြော်ငြာသကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် တာဝန်ထမ်းဆောင်နေသည့်အချိန်တွင်လည်း ၎င်း၏လက်ထက်တွင် ၎င်းခန့်ထားသည့်ဝန်ကြီးများကို အဂတိနှင့်ငြိလျှင် အဂတိဖြင့်အရေးယူပါကြောင်း၊ ဥပဒေနှင့်မညီလုပ်ထားသည့် ပုဂ္ဂိုလ်များကို ဥပဒေနှင့်အညီအရေးယူကြောင်းကို တရားဝင်ပြန်ကြားပေးရန် အစီအစဉ် ရှိ၊ မရှိသိလိုပါကြောင်း၊ ထို့နောက် ဥက္ကရစ်ထစခန်းတွင် သုံးရက်သုံးညကြွကြွခံပြီး နိုင်ငံတော်ပိုင်သည့်လက်နက်များ မဆုံးရှုံးရအောင် အသက်ပေးကာကွယ်ခဲ့သည့် တပ်ကြပ်မြင့်လွင်အပါအဝင် အရာရှိ/စစ်သည်များကို တစ်ဆင့်မြှင့်ရာထူးတိုးပေးသည်ဟု ဝမ်းသာစွာကြားသိရပါကြောင်း၊ ဆရာမြင့်လွင်သည် မိမိအနီးကပ်သွားနေသည့်အတွက် ပိုသိပါကြောင်း၊ ၎င်းက စစ်ကူရောက်ပြီလားဟုမေးသည့်အခါ မိမိတို့ မျက်ရည်ကျခဲ့ပါကြောင်း၊ မိမိလည်း ထိုသို့ကြုံဖူးပါကြောင်း၊ စစ်ကူရောက်ပြီဟုပြောသည့်အခါတွင် ၎င်းဦးခေါင်းချသွားပါကြောင်း၊ ယင်းစစ်သည်မျိုးကို နိုင်ငံတော်အနေဖြင့် ဘွဲ့ထူး/ဂုဏ်ထူး ချီးမြှင့်ရန် အစီအစဉ် ရှိ၊ မရှိနှင့် ထိုနေရာတွင်ရှိသည့် အခြားစစ်သည်များလည်း ကြွကြွခံနိုင်ခဲ့ကြောင်း၊ ထိုသို့သုံးရက်လေးရက် ကြွကြွခံခဲ့သည့် စစ်သည်များကို ရာထူးတိုးမြှင့်ပေးရုံသာမက ဘွဲ့ထူး/ဂုဏ်ထူးပေးရန် အစီအစဉ် ရှိ၊ မရှိ ထပ်လောင်းသိလိုပါကြောင်း မေးမြန်းသည်။

**အပြည့်အစုံပြောရမည်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က သတင်းထောက်ကြီးပြောခဲ့သည့် "ကျွန်တော့်ဘဝတွင် မလုပ်ရဲတာမရှိဘူး" ဆိုသည့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏စကားမှာ အပြည့်အစုံပြောရမည်ဖြစ်ကြောင်း၊ နားလည်မှုလွဲမည်ဆိုသည့်အတွက် မိမိရှင်းပြလိုပါကြောင်း၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံသည့်အခါတွင် ၎င်းပြောခဲ့သည်များရှိကြောင်း၊ ယင်းကို သတင်းဌာနတစ်ခုက "မလုပ်ရဲတာမရှိဘူး"ဟု ဖြတ်ပြီးသုံးခဲ့ကြောင်း၊ မိမိအနေဖြင့် အပြည့်အစုံပြောပြရရင် ဗိုလ်ချုပ်မှူးကြီးအနေဖြင့် ပြောခဲ့သည်မှာ "နိုင်ငံတော်အရေးအတွက်၊ နိုင်ငံတော်၏အကျိုးစီးပွားအတွက် ကျွန်တော်မလုပ်ရဲတာ မရှိဘူး"ဟု ပြောခဲ့ခြင်းဖြစ်ကြောင်း၊ လူယုတ်မာများက နိုင်ငံတော်အရေးနှင့် နိုင်ငံတော်အကျိုးစီးပွားကိုဖြုတ်ပြီး "မလုပ်ရဲတာမရှိဘူး" ဟုလုပ်ခဲ့ပါကြောင်း ပြောကြားသည်။

**NLD ပါတီမှပုဂ္ဂိုလ်များသာ အရေးယူခြင်းမဟုတ်**

သတင်းထောက်ကြီး၏ ဒုတိယမေးခွန်းကို ဖြေရလျှင် မိမိတို့စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပထမမေးခွန်းဖြစ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူခဲ့သည့်နေ့မှစ၍ ဇွန် ၂၉ ရက်အထိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို တိုင်ကြားစာစုစုပေါင်း ၁၅၀၀ ရောက်ရှိပါကြောင်း၊ ကော်မရှင်က အစည်းအဝေးသုံးသပ်တင်ပြပြီး စုံစမ်းစစ်ဆေးပါကြောင်း၊ အထောက်အထား ခိုင်လုံစွာဖြင့် ပေးပို့လာသည့် တိုင်ကြားစာ ၄၀ အပေါ်တွင် စုံစမ်းစစ်ဆေးနိုင်ရန်အတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် အရေးယူဆောင်ရွက်နေသူများအနေဖြင့် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့သူ ၇၀၊ နိုင်ငံ့ဝန်ထမ်းနှင့် ပြင်ပပုဂ္ဂိုလ် ၆၃ ဦးဖြစ်ပါကြောင်း၊ တရားစွဲဆိုမှုအနေဖြင့် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့သူ ၇၀၊ အဆင့်မြင့်အရာရှိ ရှစ်ဦး၊ အရာထမ်း ခြောက်ဦး၊ ပြင်ပပုဂ္ဂိုလ်ခြောက်ဦး စုစုပေါင်း ၉၀ ဖြစ်ပါကြောင်း၊ ထို့အပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၀(ခ) အရ နိုင်ငံ့ဝန်ထမ်းဥပဒေဖြင့် စုစုပေါင်း ၄၃ ဦး အရေးယူဆောင်ရွက်ခဲ့ပါကြောင်း၊ အဆင့်မြင့်အရာရှိတစ်ဦး၊ အရာထမ်း ၄၁ ဦးနှင့် အမှုထမ်းတစ်ဦး ဖြစ်ပါကြောင်း၊ NLD ပါတီမှပုဂ္ဂိုလ်များသာ အရေးယူခြင်းမဟုတ်ဘဲ နိုင်ငံ့ဝန်ထမ်းနှင့် ပြင်ပပုဂ္ဂိုလ် ၆၃ ဦး အရေးယူထားပါကြောင်း၊ NLD လက်ထက်ကို မိမိပြောလိုပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးအဆင့် ၃၈ ဦး၊ ဒုတိယဝန်ကြီးအဆင့် ၇၁ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအပါ ဝန်ကြီး ၁၆၅ ဦး၊ နိုင်ငံရေးရာထူးလက်ရှိဖြစ်သူစုစုပေါင်း ၂၇၄ ဦး ခန့်အပ်ခဲ့သော်လည်း အဂတိလိုက်စားမှုကျူးလွန်ကြောင်း တိုင်ကြားခံရသည့် နိုင်ငံရေးရာထူးနှင့် လက်ရှိဖြစ်ခဲ့သူများကိုသာ စစ်ဆေးပေါ်ပေါက်ချက်အရ အရေးယူခြင်းဖြစ်ပါကြောင်း၊ NLD လက်ထက်တွင် ခန့်အပ်ခဲ့သူ ၂၇၄ ဦးရှိပြီး ခိုင်လုံ၍အရေးယူထားသည်မှာ မည်မျှသာရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ကွာခြားချက်မည်မျှရှိသည်ကို တွက်ဆကြည့်လျှင် သိနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေကြေးများနှင့်ပစ္စည်းများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် NLD အစိုးရလက်ထက် ၂၁-၆-၂၀၁၈ ရက်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်ပြဋ္ဌာန်းပြီးနောက်တွင် ကော်မရှင်အနေဖြင့် လာဘ်ပေးလာဘ်ယူမှုများအပါအဝင် နိုင်ငံတော်၏ ငွေကြေးနှင့်ပစ္စည်း နစ်နာဆုံးရှုံးမှုများနှင့်ပတ်သက်ပြီး အရေးယူနိုင်ခဲ့ပါကြောင်း၊ ကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူပြီးနောက်ပိုင်းတွင် တရားစွဲဆိုတင်ပို့သည့်အမှုပေါင်း ၁၉၄ မှုအနက် နိုင်ငံတော်ဘဏ္ဍာငွေနစ်နာဆုံးရှုံးခဲ့သည့်အမှု ၈၇ မှုရှိပြီး နိုင်ငံတော်အနေဖြင့် မြန်မာကျပ်ငွေ သန်းပေါင်း ၁၉၃ ဘီလီယံကျော်နှင့် အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံကျော် နစ်နာဆုံးရှုံးခဲ့ရသည်ကိုစစ်ဆေးတွေ့ရှိရပါကြောင်း၊ ကော်မရှင်အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကိုရှေးရှုပြီး သန့်ရှင်းသည့်အစိုးရနှင့် ကောင်းမွန်သည့် အုပ်ချုပ်မှုဖြစ်ရန် ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် အဂတိလိုက်စားမှုနှင့်ပတ်သက်ပြီး ကျောသားရင်သားမခွဲခြားဘဲ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၃၃ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၈-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၇-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၈၈၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၁၁,၄၉၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၇၁၁) ဦးရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၆၂၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦးရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ **www.moh.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှု အခြေအနေ (၈-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၆၇) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၁၀) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၃၂) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၈၄) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၀၈၇) ခု | (၅) ဦး |
| **စုစုပေါင်း** | **(၄,၈၈၁) ခု** | **(၁၆) ဦး** |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၀၀၆၅၁၆၅ | ၈၅၆၂၄၉၈၂ | ၁၀၄၅၀၈၀ |
| ၂။ | အိန္ဒိယ | ၄၃၅၈၇၃၀၂ | ၄၂၉၃၇၈၇၆ | ၅၂၅၃၄၃ |
| ၃။ | ဘရာဇီး | ၃၂၇၆၁၀၄၅ | ၃၁၀၉၄၈၀၅ | ၆၇၃၁၂၆ |
| ၄။ | ပြင်သစ် | ၃၁၉၇၄၆၀၇ | ၂၉၉၂၉၅၁၅ | ၁၄၉၉၄၃ |
| ၅။ | ဂျာမနီ | ၂၈၉၂၆၃၄၆ | ၂၇၁၃၅၉၀၀ | ၁၄၁၇၅၈ |
| ၆။ | ဗြိတိန် | ၂၂၈၈၃၉၉၅ | ၂၂၂၆၅၆၃ | ၁၈၀၇၁၈ |
| ၇။ | အီတလီ | ၁၉၁၅၇၁၇၄ | ၁၇၇၈၉၆၁၃ | ၁၆၈၈၆၄ |
| ၈။ | တောင်ကိုရီးယား | ၁၈၄၇၁၁၇၂ | ၁၈၂၅၅၄၉၇ | ၂၄၆၀၅ |
| ၉။ | ရုရှား | ၁၈၄၅၅၂၇၄ | ၁၇၈၈၂၉၇၈ | ၃၈၁၄၉၉ |
| ၁၀။ | တူကီယဲ | ၁၅၁၈၀၄၄၄ | ၁၅၀၃၅၇၂၇ | ၉၉၀၅၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၅၂၉၄၂ | ၉၇၄၉၈၆၅ | ၄၃၀၈၉ |
| ၂။ | အင်ဒိုနီးရှား | ၆၁၀၆၀၂၄ | ၅၉၃၀၁၁၆ | ၁၅၆၇၈၁ |
| ၃။ | မလေးရှား | ၄၅၈၆၃၂၂ | ၄၅၁၆၆၈၈ | ၃၅၇၉၅ |
| ၄။ | ထိုင်း | ၄၅၄၀၉၅၅ | ၄၄၈၅၀၇၅ | ၃၀၈၀၁ |
| ၅။ | ဖိလစ်ပိုင် | ၃၇၁၄၇၇၀ | ၃၆၄၁၆၀၃ | ၆၀၆၃၉ |
| ၆။ | စင်ကာပူ | ၁၅၀၅၉၃၈ | ၁၃၉၉၆၈၄ | ၁၄၂၆ |
| ၇။ | မြန်မာ | ၆၁၃၇၁၁ | ၅၉၂၆၂၀ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၃၄၈ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၇၁၀၂၇ | ၁၆၄၁၁၆ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၃၁၄ | ၁၃၃၂၀၆ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများက နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းက ကုမ္ပဏီတစ်ခု ယာဉ်စီးရေနှစ်စီးဖြင့် နှာခေါင်းစည်း ၉ ဒသမ ၅ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန်ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၈

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား လေကြောင်း၊ ရေကြောင်းနှင့် ဆိပ်ကမ်းအသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာစစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီတစ်ခုမှ Avastin နှစ်ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၂၈ မျိုး စုစုပေါင်း ၁၁၃၅၁ ဒသမ ၂၁ ကီလိုဂရမ်တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး သေနတ်ပစ်ခတ်ခံရ၍ သေဆုံး

**တိုကျို ဇူလိုင် ၈**

ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးသည် ပါတီမဲဆွယ်စည်းရုံးရေးဟောပြောလျက်ရှိစဉ် သေနတ်ဖြင့်ပစ်ခတ်ခံခဲ့ရပြီးနောက် သေဆုံးသွားကြောင်း ယနေ့သတင်းများအရ သိရသည်။

**စည်းရုံးရေးဟောပြော**

အသက် ၆၇ နှစ်အရွယ် ဝန်ကြီးချုပ်ဟောင်းရှင်ဇိုအာဘေးသည် ဂျပန်နိုင်ငံ အနောက်ပိုင်းရှိ နာရာမြို့၌ ယနေ့နံနက်ပိုင်းတွင် မဲဆွယ်စည်းရုံးရေးဟောပြောလျက်ရှိစဉ် သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရခြင်းဖြစ်သည်။

အဆိုပါ သေနတ်ပစ်ခတ်သည့် သံသယရှိသူတစ်ဦးအား ရဲအရာရှိများက ဖမ်းဆီးထားကြောင်း သိရသည်။

ရှင်ဇိုအာဘေးနှင့် ၎င်းတို့အကြား အာဃာတ အမုန်းတရားများရှိသည့်အတွက် ယင်းသို့သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း နာရာမြို့ဒေသခံဖြစ်သည့် အသက် ၄၁ နှစ်အရွယ် သံသယရှိသူ ယာမာဂါမီတက်ဆုရက ထုတ်ဖော်ပြောကြားခဲ့သည်ဟု ရဲအရာရှိများက ဆိုသည်။

ယာမာဂါမီတက်ဆုရသည်ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့တွင် ၂၀၀၅ ခုနှစ်အထိ သုံးနှစ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့သည်။

**သေနတ်သံနှစ်ချက်**

နာရာမြို့ မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုတွင် ရှင်ဇိုအာဘေးက မိန့်ခွန်းပြောကြားလျက်ရှိစဉ် သေနတ်သံနှစ်ချက်ကြားလိုက်ရပြီးနောက် ရှင်ဇိုအာဘေးသည် မြေပြင်ပေါ်သို့ လဲကျသွားကြောင်း အဆိုပါ မဲဆွယ်စည်းရုံးရေးနှင့် ပတ်သက်ပြီး သတင်းရယူလျက်ရှိသည့် အင်န်အိတ်ချ်ကေ သတင်းထောက်တစ်ဦးက ပြောသည်။



သံသယရှိသူ အသုံးပြုပစ်ခတ်သည့် သေနတ်သည် လက်လုပ်သေနတ် တစ်လက်ဖြစ်ကြောင်း ရဲအရာရှိများက ဆိုသည်။

ရှင်ဇိုအာဘေးသည် ယခုရက်ပိုင်းအတွင်း နိုင်ငံအတွင်း လှည့်လည်ကာ လာမည့် အထက်လွှတ်တော်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီဝင်များအတွက် မဲဆွယ်စည်းရုံးရေးလုပ်ဆောင်လျက်ရှိသည်။

**ဝမ်းနည်းကြေကွဲရ**

ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး သေနတ်ပစ်ခတ်ခံရပြီးနောက် သေဆုံးသွားသည့်သတင်းသည် ကမ္ဘာ့ခေါင်းဆောင်များအပါအဝင် ပြည်သူများအကြား တုန်လှုပ်ချောက်ချားသွားခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ်မိုဒီက ၎င်း၏အချစ်ဆုံးသူငယ်ချင်း ရှင်ဇိုအာဘေးသေဆုံးသွားရခြင်းကြောင့် အလွန်ပင်ဝမ်းနည်းကြေကွဲရပါကြောင်း ၎င်း၏တွစ်တာစာမျက်နှာတွင် ရေးသားထားကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၈၁၅ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ ဇူလိုင် ၈**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၁၈၈၁၅ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ အဆိုပါ ရောဂါကူးစက်ခံရသူပေါင်း ၄၃၅၈၅၅၅၄ ဦးရှိလာပြီဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

**၃၈ ဦး သေဆုံး**

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်မှုကြောင့်၃၈ဦးသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၅၃၄၃ ဦး အထိရှိလာပြီဖြစ်သည်။

လွန်ခဲ့သော ရက်သတ္တနှစ်ပတ်အကြာက သေဆုံးသူ လေးဦးသာရှိခဲ့ရာမှ လွန်ခဲ့သောရက်အနည်းငယ်အတွင်း သေဆုံးသူအရေအတွက်သည် သိသိသာသာ မြင့်တက်လာကြောင်း သိရသည်။

နေ့စဉ်ကူးစက်မှုနှုန်းသည် ၄ ဒသမ ၉၆ ရာခိုင်နှုန်းရှိပြီး ရက်သတ္တပတ်အတွင်းကူးစက်မှုနှုန်းမှာ ၄ ဒသမ ၀၉ ရာခိုင်နှုန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၁၂၂၃၃၅ ဦးရှိသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၅၈၉၉ဦး ကျန်းမာရေးကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့ရာ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၄၂၉၃၇၈၇၆ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ် ဂျူနီယာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ

**မနီလာ ဇူလိုင် ၈**

ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ် ဂျူနီယာသည် ကိုဗစ်–၁၉ ရောဂါကူးစက်ခံစားနေရကြောင်း ယနေ့သတင်းများအရ သိရသည်။

အသက် ၆၄ နှစ်အရွယ် မားကို့စ်ဂျူနီယာသည် ရောဂါခံစားနေရသော်လည်း ပြင်းထန်သော လက္ခဏာများ ပြသခြင်းမရှိကြောင်း ပြောရေးဆိုခွင့်ရှိသူ ရို့စ်ဘီထရက်ခရုအိန်ဂျလိစ်က ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ထို့ပြင် မားကို့စ်ဂျူနီယာနှင့် အနီးကပ်ထိတွေ့ဆက်ဆံခဲ့သူများကိုလည်း ရောဂါကူးစက်မှု ရှိ၊ မရှိ အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်းနှင့် မားကို့စ်ဂျူနီယာ၏ဇနီးနှင့် ကလေးများတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရခြင်းမရှိကြောင်း ပြောရေးဆိုခွင့်ရှိသူ ရို့စ်ဘီထရက်ခရုအိန်ဂျလိစ်က ဆက်လက်ပြောကြားသည်။

အဆိုပါရောဂါကူးစက်မှုကြောင့် မားကို့စ်ဂျူနီယာသည် မနီလာမြို့ရှိ အမေရိကန်သံရုံးတွင် ကျင်းပမည့် အမေရိကန်လွတ်လပ်ရေးနေ့ အခမ်းအနားကို တက်ရောက်မည်မဟုတ်ကြောင်း ၎င်းက ဆိုသည်။

သို့သော် ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အွန်လိုင်းမှတစ်ဆင့် ပြုလုပ်မည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအပိုဆောင်းထိုးနှံရေးဆိုင်ရာ အစည်းအဝေးကိုမူ တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

သမ္မတမားကို့စ်ဂျူနီယာသည် ၂၀၂၀ ပြည့်နှစ် မတ်လတွင်လည်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံခဲ့ရဖူးကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## တရုတ်နိုင်ငံရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းများ တိုးတက်လျက်ရှိ

**ပေကျင်း ဇူလိုင် ၈**

တရုတ်နိုင်ငံရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်ချက်သည် ဇွန်လအတွင်း တိုးတက်လာသည်ကို တွေ့ရှိရကြောင်း စက်မှုလုပ်ငန်းများမှ အချက်အလက်များအရ သိရသည်။

**ဖြေရှင်းဆောင်ရွက်နိုင်ခဲ့**

ယခုကဲ့သို့နိုင်ငံအတွင်း အသေးစားနှင့်အလတ်စားလုပ်ငန်းများ တိုးတက်လာရခြင်းမှာ ကုန်ထုတ်လုပ်ငန်းများတွင် ကုန်ကြမ်းများ ပြတ်တောက်ခြင်းကဲ့သို့သော အခြေအနေများကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

ယင်းလုပ်ငန်းများ၏ ဖွံ့ဖြိုးမှုအညွှန်းကိန်းတိုးတက်လာသည်ကို ဇွန်လအတွင်းက တွေ့ရှိခဲ့ရပြီး ယခုတွေ့ရှိချက်သည် အသေးစားနှင့် အလတ်စားလုပ်ငန်း ၃၀၀၀ ကို သုတေသနပြုလုပ်ခြင်းမှ ရရှိခြင်းဖြစ်ကြောင်း သိရသည်။ ယခုကဲ့သို့ လုပ်ငန်းများတိုးတက်လာခြင်းမှာ နိုင်ငံ၏ စက်မှုထုတ်ကုန်တိုးတက်လာမှုကြောင့်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၁၉၃၂၃ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် ဇူလိုင် ၈**

တောင်ကိုရီးယားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၁၉၃၂၃ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၈၄၇၁၁၇၂ ဦးရှိလာကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

**၁၈၅၁၁ ဦးသို့ ရောက်ရှိလာ**

နိုင်ငံအတွင်း နေ့စဉ်ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ အရေအတွက်သည် ပြီးခဲ့သည့်သီတင်းပတ်အတွင်း ၉၅၂၂ ဦးရှိခဲ့ရာမှ လက်ရှိအချိန်တွင် ၁၈၅၁၁ ဦးသို့ ရောက်ရှိလာခဲ့ကြောင်း တောင်ကိုရီးယား ရောဂါထိန်းချုပ်ရေးအေဂျင်စီက ပြောကြားသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်း နေ့စဉ်ပျမ်းမျှ ရောဂါကူးစက်ခံရသူ အရေအတွက်သည် ၁၄၆၂၂ ဦးရှိသည်။ နိုင်ငံအတွင်း ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ ၃၆၇၀၁ ဦးတွင် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရကြောင်း တွေ့ရှိခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါကြောင့်သေဆုံးသူ ၂၄၆၀၅ ဦးရှိသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**





## ပန်းတနော်မြို့နယ်၌ ငါးသားပေါက်ကောင်ရေ လေးသိန်း စိုက်ထည့်

ပန်းတနော် ဇူလိုင် ၈

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတများတိုးပွားလာစေရေး၊ ငါးမျိုးပြုန်းတီးမှု မဖြစ်ပေါ်စေရေးတို့အတွက် ယနေ့နံနက် ၉ နာရီက ပသွယ်ကျေးရွာ သဘာဝမြစ်ချောင်း ရေပြင်အတွင်းသို့ ငါးသားပေါက်ကောင်ရေ လေးသိန်း စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်း၊ အတွင်းရေးမှူး ရဲမှူးကျော်ဇံ၊ အဖွဲ့ဝင် (၁)ဗိုလ်မှူးဇေယျာမြင့်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဆန်းဝင်း၊ ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်မာမာဆွေနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ငါးမျိုးစိုက်ကြီးကြပ်ရေးကော်မတီအဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက ပသွယ်သဘာဝမြစ်ချောင်းရေပြင်အတွင်းသို့ ရွှေဝါငါးကြင်းကောင်ရေ တစ်သိန်း၊ ငါးခုံးမကြီးကောင်ရေတစ်သိန်း၊ ငါးမြစ်ချင်းကောင်ရေ နှစ်သိန်းတို့ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုးကျော်(ပြန်/ဆက်)

## မြန်မာအမျိုးသားလေကြောင်းမှ နိုင်ငံတကာခရီးစဉ်သစ်များ ပျံသန်းပြေးဆွဲ

ရန်ကုန် ဇူလိုင် ၈

မြန်မာအမျိုးသားလေကြောင်းမှ နိုင်ငံတကာခရီးစဉ်သစ်များအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့နှင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းမြို့တို့သို့ စတင် ပျံသန်းပြေးဆွဲလျက်ရှိကြောင်း ဇူလိုင် ၆ ရက် ညနေပိုင်းက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကမ်းနားလမ်းရှိ မြန်မာအမျိုးသားလေကြောင်းရုံးချုပ်၌ပြုလုပ်သည့် မိတ်ဆက်ပွဲအခမ်းအနားမှ သိရသည်။




မြန်မာ အမျိုးသားလေကြောင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့သို့ ဇူလိုင် ၄ ရက်မှစ၍ နှစ်ပတ်လျှင် တစ်ကြိမ် (တနင်္လာနေ့)နှင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းမြို့သို့ ဇူလိုင် ၂၂ ရက်မှစတင်၍ နှစ်ပတ်လျှင်တစ်ကြိမ် (သောကြာနေ့) တို့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် (Terminal 1) မှ Boeing 737-800 လေယာဉ်များဖြင့် ပျံသန်းပြေးဆွဲသွားမည်ဖြစ်သည်။

ကူမင်းသို့ပြေးဆွဲသည့်ခရီးစဉ်၌ ၂၀၂၂ ခုနှစ် ဇူလိုင်နှင့် အောက်တိုဘာလတို့တွင် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့မှ ထွက်ခွာပျံသန်းပြီး မွန်းလွဲ၂နာရီမိနစ်၄၀တွင်ကူမင်းမြို့သို့ရောက်ရှိမည်ဖြစ်ကာ ညနေ ၄ နာရီ ၁၀ မိနစ်တွင် ကူမင်းမြို့မှ ပြန်လည်ထွက်ခွာပြီး ၄ နာရီ မိနစ် ၅၀ တွင် ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ အလားတူ အင်ချွန်းသို့ပြေးဆွဲသည့် ခရီးစဉ်၌ ဇူလိုင်နှင့် အောက်တိုဘာလတို့တွင် နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မှထွက်ခွာပျံသန်းပြီး ည ၇ နာရီ ၂၅ မိနစ်တွင် အင်ချွန်းသို့ ရောက်ရှိမည်ဖြစ်ကာ အင်ချွန်းမှ ည ၈ နာရီ ၅၅ မိနစ်တွင် ပြန်လည်ထွက်ခွာပြီး နောက်တစ်နေ့ ၁၀ နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ အမျိုးသားလေကြောင်းအနေဖြင့် လက်ရှိတွင် ပြည်တွင်းရှိမြို့ကြီး ၂၇ မြို့ကို ပျံသန်းပြေးဆွဲပေးလျက်ရှိပြီး ပြည်ပခရီးစဉ်များအနေဖြင့် ရန်ကုန်-ဘန်ကောက်-ရန်ကုန် ခရီးစဉ်ကို တစ်ရက်လျှင် နှစ်ကြိမ်ဖြင့် တစ်ပတ်လျှင် ၁၄ ကြိမ်၊ ရန်ကုန်-စင်ကာပူ-ရန်ကုန်ခရီးစဉ်ကို တစ်ရက်လျှင်နှစ်ကြိမ်ဖြင့် တစ်ပတ်လျှင်၁၄ကြိမ်ပျံသန်းပြေးဆွဲပေးလျက်ရှိသည်။

ထို့အတူ ရန်ကုန်-ကွာလာလမ်ပူ ခရီးစဉ်ကိုလည်း အင်္ဂါနေ့တိုင်း ပြေးဆွဲပေးလျက်ရှိကာ ယခုခရီးစဉ်သစ်အဖြစ် ရန်ကုန်-ကူမင်း-ရန်ကုန်နှင့် ရန်ကုန်-အင်ချွန်း-ရန်ကုန် ခရီးစဉ်ကို တိုးချဲ့ပြေးဆွဲခြင်းဖြစ်သည်။

၎င်းအပြင် လာမည့်အောက်တိုဘာ ဒုတိယပတ်တွင် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာသို့ ပျံသန်းပြေးဆွဲနိုင်ရေးနှင့် ရန်ကုန်-ဒူဘိုင်း-ရန်ကုန် ခရီးစဉ် ပျံသန်းပြေးဆွဲနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း မြန်မာအမျိုးသားလေကြောင်းမှ သိရသည်။

လင်းရာမ

## ပန်းတောင်းမြို့နယ်၌ ရေပြင်အသက်ကယ်သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်မှုသရုပ်ပြပွဲပြုလုပ်

ပန်းတောင်း ဇူလိုင် ၈

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ရေပြင်အသက်ကယ် သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်မှု သရုပ်ပြပွဲကို ယနေ့နံနက် ၈နာရီခွဲက သူရဲဇီးကျေးရွာ ဧရာဝတီမြစ်ကမ်းအနီး၌ပြုလုပ်ရာ ပြည်ခရိုင်မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်ထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ရှင်းလင်းပြောကြား

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးကိုကိုဝေဟိန်းက ရေပြင်အသက်ကယ် သဏ္ဍာန်တူဇာတ်တိုက် လေ့ကျင့်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ဧရာဝတီမြစ်အတွင်း မြစ်ရေကြီးခြင်း သတိပေးဆော်ဩနေမှုကို သရုပ်ပြခြင်း၊ ရေယာဉ်များပေါ်မှ ချိတက်အလေးပြု သရုပ်ပြခြင်း၊ ဧရာဝတီမြစ်အတွင်း မီးလောင်မှုအား အပေါ်စား



ရေစုပ်စက်/ရေပက်စက်များဖြင့် မီးငြှိမ်းသတ် သရုပ်ပြခြင်းနှင့် ရေပြင်အသက်ကယ်သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်မှု သရုပ်ပြပွဲများအား ပြုလုပ်ပြသသည်။

အောင်မြင့်(ပန်းတောင်း)

## ရွှေတောင်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

ရွှေတောင် ဇူလိုင် ၈

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကြို့ကုန်း(မဟာသိုက်ကုန်း)ကျေးရွာနှင့် ထန်းကုန်းကျေးရွာတို့တွင် ကုန်ထုတ်လမ်းဆောင်ရွက်နေမှုအခြေအနေနှင့် ကြို့ကုန်းကျေးရွာတွင် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးအောင်၊ ပြည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ရွှေတောင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသူနှင့် ဝန်ထမ်းများက သက်ဆိုင်ရာကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့သည်။

ကြို့ကုန်း(မဟာသိုက်ကုန်း)ကျေးရွာ ကုန်ထုတ်လမ်းလုပ်ငန်းဆောင်ရွက်ခြင်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၅၇ ဒသမ ၂၂ သန်းဖြင့် လည်းကောင်း၊ ထန်းကုန်းကျေးရွာ ကုန်ထုတ်လမ်းလုပ်ငန်းဆောင်ရွက်ခြင်းကို ငွေကျပ် ၇၀ ဒသမ ၈၅ သန်းဖြင့် လည်းကောင်း၊ ကြို့ကုန်းကျေးရွာတွင် သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်းကို ငွေကျပ် ၂၅ ဒသမ ၄၆၂၅ သန်းဖြင့်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သုတ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေး

ကျောက်တံခါး ဇူလိုင် ၈

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်တံခါးမြို့ ရုံးပေါင်းစုံလမ်းရှိ မြို့နယ်အားကစားခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဟောပြောဆွေးနွေးပွဲ ကျင်းပသည်။



ဟောပြောဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေက ရပ်ရွာအတွင်းလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သဘာဝမြေဩဇာအသုံးပြုနိုင်ရေးနှင့် ဆီထွက်သီးနှံပိုမိုစိုက်ပျိုးနိုင်ရေး၊ မြေစာရင်းဦးစီးဌာနက လယ်ယာမြေဥပဒေ၊ နည်းဥပဒေအကြောင်းနှင့် ငါးလုပ်ငန်းဦးစီးဌာနက တစ်ပိုင်တစ်နိုင်ငါးမွေးမြူနိုင်ရေး ငါးလုပ်ငန်းအပေါ်မှ အကျိုးအမြတ်ရရှိမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ဆည်မြောင်းဦးစီးဌာနက ကျောက်တံခါးမြို့နယ် တောင်ပေါ်စုကျေးရွာတွင် ရဲန္တယ်ဆည်ရေသောက်စနစ်ဖြင့် နွေစပါးစိုက်ပျိုးထုတ်လုပ်မည့်လုပ်ငန်းစဉ်များ၊ အခြားသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် မြို့နယ်စိုက်/ဘဏ်မန်နေဂျာတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးဟောပြောရာ တက်ရောက်လာကြသည့်ဒေသခံတောင်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

## ကျိုက်ထိုမြို့နယ်၌ AVIP သင်တန်းဖွင့်

ကျိုက်ထို ဇူလိုင် ၈

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျိုက်ထိုမြို့နယ်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်မည့် ကျေးရွာသုံးရွာ၏ ကော်မတီဝင်များကို ယနေ့ နံနက်ပိုင်းက ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ AVIP သင်တန်း ဖွင့်လှစ်ပို့ချခဲ့သည်။

သင်တန်းတွင် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး တာဝန်ခံဝန်ထမ်းက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပို့ချခဲ့သည်။ အဆိုပါသင်တန်းသို့ ကျေးရွာသုံးရွာမှ ကော်မတီဝင် ၃၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

၂၂၂

❖ ကျောဖုံးမှ

သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။ ကြေညာချက်အပြည့်အစုံမှာ -

**ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ စာရင်းသွင်းပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့်လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင်ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် ဖားကန့်မြို့နယ် အထက်မလင်းချောင်းကျေးရွာနေသူများဖြစ်သည့် ဇော်ဇင်ဦး၊ ရီနွယ်ထွန်း(ခ) ဘုတ်အီးနှင့် နန်းမင်းထွန်းတို့ သုံးဦးသည် ၎င်းတို့အသုံးပြုသည့် “Zaw Zin Oo” Facebook အကောင့်၊ “Ye New Htun” Facebook အကောင့်နှင့် “Nann Min Htun” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့ အမှတ်(၁) ရပ်ကွက်နေ ထက်နိုင်ဦးသည် ၎င်းအသုံးပြုသည့် “Htet Naing Oo” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရောဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ပုသိမ်အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး

**ပုသိမ် ဇူလိုင် ၈**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးဝင်းမြိုင်သည် ရုံးအဖွဲ့မှူး ဦးကျော်စိုးညွန့်၊ ပုသိမ်ခရိုင်တရားသူကြီး ဒေါ်လှိုင်လှိုင်ဝေတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုသိမ်အကျဉ်းထောင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ယင်းသို့စစ်ဆေးရာတွင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးနှင့် တာဝန်ရှိသူများသည် အကျဉ်းထောင်အတွင်း အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ နေထိုင်သည့် အဆောင်များနှင့် စားဖိုဆောင်၊ ဆေးပေးခန်းနှင့် စာကြည့်တိုက်တို့ကိုလည်းကောင်း၊ အစာအာဟာရ သင့်တင့်မျှတမှု ရှိ၊ မရှိ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေကိုလည်းကောင်း၊ ကြည့်ရှုစစ်ဆေးမေးမြန်းခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇူလိုင် ၈**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်နှင့် မတ္တရာမြို့နယ်တို့မှ PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ ထပ်မံလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့တွင် စဉ့်ကူးမြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် သပိတ်ကျင်းတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးချုပ် အောင်အောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

**ရှင်းလင်းဆွေးနွေး**

ဦးစွာ တပ်နယ်မှူးနှင့် တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။



ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော စဉ့်ကူးမြို့နယ်နှင့် မတ္တရာမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသားနှစ်ဦးကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆို လက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး တစ်နှစ်သစ်နှစ်ပင်စိုက် ရှေ့တိုက်ကိုစိုး...

ဒေါက်တာမောင်ကျော် ပါမောက္ခချုပ်(ငြိမ်း)

**(ယမန်နေ့မှ အဆက်)**

**တစ်နှစ်မှာ သစ်ပင်နှစ်ပင်စိုက်**

ကမ္ဘာကြီးပူနွေးတာရဲ့ အကြောင်းတရားနံပါတ် (၃)ကတော့ သစ်တောဟက်တာ သုံးဘီလီယံ ပျက်ပြုန်းသွားခဲ့တာပဲ။ ၁၉၀၀ ပြည့်နှစ်မှာ သစ်တောဟက်တာ ခြောက်ဘီလီယံရှိရာက ၂၀၀၀ ပြည့်နှစ်မှာ သစ်တောဟက်တာ သုံးဘီလီယံပဲ ကျန်ပါတော့တယ်။ ကျန်ရှိတဲ့ သစ်တောဟက်တာ သုံးဘီလီယံဟာ လေထုတွင်းက ပုံမှန်ရှိနေတဲ့ ကာဗွန်ဓာတ်ငွေ့ကို စုပ်ယူနိုင်စွမ်းကျဆင်းသွားခဲ့ပါတယ်။ ဒါဟာ ကမ္ဘာကြီးပူနွေးဖို့အကြောင်းတရား ဖြစ်ပါတယ်။

သစ်တောဟက်တာနည်းရတာရဲ့ အကြောင်းတရားကလည်း–

- ကျေးလက်ထင်းမီးသွေးအဖြစ် အသုံးပြုခြင်း၊
- တောင်စွယ်တောင်ကုန်းတွေမှာ တောမီးရှို့ ရွှေ့ပြောင်းတောင်ယာကြောင့် သစ်တော သစ်ပင်တွေ ပျက်ပြုန်းခြင်း၊ ပျောက်ဆုံးခြင်း၊
- စားကျက်မြက်ခင်း ဖော်ထုတ်ခြင်း၊
- စိုက်ပျိုးရေး စီမံကိန်းတွေရဲ့ လိုအပ်ချက်အရ တောရှင်းရခြင်း၊
- တရားဝင် သစ်ခုတ်ခြင်း၊
- မြို့ပြရေိယာတွေအတွက် သစ်တောဧရိယာတွေ လျော့နည်းလာခြင်းတို့ကြောင့်ပဲ ဖြစ်ပါတယ်။

ကမ္ဘာအရပ်ရပ်စံနှုန်းကတော့ အသက် ၁၁ နှစ်နဲ့ အသက် ၆၀ ရှိ အမျိုးသား အမျိုးသမီးတိုင်းဟာ တစ်နှစ်မှာ သစ်ပင်နှစ်ပင် စိုက်ကြဖို့ ဘွဲ့ရတစ်ဦးဟာ သူပညာသင်ခဲ့တဲ့ တက္ကသိုလ်၊ ကောလိပ်ကျောင်း ပရဝုဏ်အတွင်းမှာ သစ်ပင်ဆယ်ပင် စိုက်ခဲ့ရမယ်လို့ သတ်မှတ်ချက်တွေရှိပါတယ်။

**ကျေးဇူးဆပ်ရာရောက်**

မြန်မာနိုင်ငံမှာ တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၈၀ နီးပါးရှိရာ တက္ကသိုလ်၊ ကောလိပ်တစ်ခုမှာ ပျမ်းမျှဘွဲ့ရသူအောက်ထစ် တစ်ရာပဲရှိတယ်ဆိုပါစို့။ အဲဒီတက္ကသိုလ်မှာ နှစ်စဉ် သစ်ပင်တစ်ထောင် ပေါက်နေမှာဖြစ်ပါတယ်။ လက်တွေ့မှာ ဒီပမာဏ အထိ မရှိဘူးဆိုတာ အလွယ်တကူမြင်နိုင်ပါတယ်။ အကယ်၍ သစ်ပင်တစ်ထောင် နှစ်စဉ် ဖြစ်ထွန်းနေတော့ စိုက်စရာမြေနေရာမရှိဘူးလို့ စောဒကတက်နိုင်ပါတယ်။ ဒါပေမဲ့ သူ့ဒေသမြို့ရွာမှာ ပြန်ရောက်လို့ သစ်ပင်စိုက်ခဲ့ရဲ့လားမေးရင် တက္ကသိုလ်တစ်ခုရဲ့ ဟောပြောပွဲ ပရိသတ်ထဲမှာ လက်ညှိုးထောင်သူ ငါးဦးထက်မပိုတာကို တွေ့မြင်ခဲ့ရပါတယ်။

တကယ်တော့ တက္ကသိုလ်ကျောင်းသားရယ်၊ အခြေခံကျောင်းသားရယ်ဆိုပြီး ကွက်ပြောတာ မဟုတ်ပါဘူး။ သူနေခဲ့တဲ့ကျောင်းမှာ ရေမြေလွယ်ကူစွာရနိုင်တယ်။ ကမ္ဘာ့လူသားတစ်ယောက်၊ အမျိုးသား အမျိုးသမီးတိုင်းဟာ ကမ္ဘာ့စံနှုန်းဖြစ်တဲ့ “တစ်ယောက် တစ်နှစ်သစ်ပင်နှစ်ပင်” စိုက်ကြရင် လူသားတစ်ယောက်အနေနဲ့ ကမ္ဘာကြီးကို ပူနွေးမှုဒဏ်က ကာကွယ်စောင့်ရှောက်ရာရောက်၊ ဒီကမ္ဘာမှာ နေရတဲ့ ကျေးဇူးဆပ်ရာရောက်တယ်လို့ဆိုလိုခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ဝန်ကြီးဌာနတွေ အဖွဲ့အစည်း အသီးသီးဟာ လူထုအားကိုရယူကာ မြန်မာပြည်အောက်ပိုင်း နေပြည်တော်ကောင်စီနယ်မြေအထိ မိုးလေး တဖြိုက်ဖြိုက်အောက်မှာ မေလကုန် လောက်ကစပြီး တပ်မတော် ကြည်း၊ ရေ၊ လေ က သစ်ပင်တွေကို စတင်လှုပ်ရှား စိုက်ပျိုးခဲ့တာ တွေ့မြင်ရပါတယ်။ အမြော်အမြင်နဲ့ တစ်နိုင်ငံလုံး နှစ်စဉ် ဇူလိုင်လ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲရယ်လို့ ကျယ်ကျယ်ပြန့်ပြန့်ကျင်းပမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဇွန်လအတွင်းက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နဲ့ အစိုးရအဖွဲ့ဝင် ဝန်ကြီးတွေဟာ မိသားစုပုံစံနဲ့ ကံ့ကော်ပင်တွေ စိုက်ကြတာတွေ့မြင်ရတော့ ယခင်က ပဲခူးရိုးမ တောင်စွယ်တောင်တန်းဟာ သစ်တောသစ်ပင်တွေကြားမှာ ယမ်းငွေ့နံ့တွေနဲ့ မွန်းကျပ်နေရာက နောင် ၁၅ နှစ်၊ နှစ်နှစ်ဆယ်မှာ ပန်းပိတောက်နဲ့ ကံ့ကော်ပန်းရနံ့တွေနဲ့ သင်းပျံ့မွှေးကြိုင်လာမှာ ဖြစ်ပါတယ်။

ကမ္ဘာ့လှုပ်ရှားမှုအသွင်ဖြစ်လို့ ကိုယ့်ဒေသတွင်းကိစ္စ၊ ကိုယ့်ဒေသကိုယ့်ရပ်ရွာတွေနဲ့ တက္ကသိုလ်၊ ကျောင်းပရဝုဏ်တွေ၊ လမ်းမကြီးတွေဘေးမှာ လူထု လူမှုအဖွဲ့အစည်းတွေ၊ အစိုးရဝန်ထမ်းတွေနဲ့ ကုမ္ပဏီဝန်ထမ်းတွေက အိုးစည်ဗုံမောင်းနဲ့ နှစ်စဉ်ပါဝင် စိုက်ပျိုးကြခြင်းအားဖြင့် ကမ္ဘာကြီးပူနွေးခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းတွေ မကြာခဏဖြစ်ပေါ်ခြင်း၊ တောမီးလောင်ခြင်းဘေးအန္တရာယ်က ကာကွယ်နိုင်မှာဖြစ်ပါတယ်။ သစ်ပင်တွေစိုက်ကြရင် အရိပ်အာဝါသရလို့ အေးမြတဲ့အပြင် လေထုထဲလည်း အောက်ဆီဂျင် ပိုပြီးရောက်သွားတော့ လေဟာသန့်ရှင်းလာမယ်။ ရောဂါဖြစ်စေတဲ့ ဗက်တီးရီးယားတွေလည်း ကင်းစင်လာမယ်။

> **“ကမ္ဘာ့လှုပ်ရှားမှုအသွင်ဖြစ်လို့ ကိုယ့်ဒေသတွင်းကိစ္စ၊ ကိုယ့်ဒေသကိုယ့်ရပ်ရွာတွေနဲ့ တက္ကသိုလ်၊ ကျောင်းပရဝုဏ်တွေ၊ လမ်းမကြီးတွေဘေးမှာ လူထုလူမှုအဖွဲ့အစည်းတွေ၊ အစိုးရဝန်ထမ်းတွေနဲ့ ကုမ္ပဏီဝန်ထမ်းတွေက အိုးစည်ဗုံမောင်းနဲ့ နှစ်စဉ်ပါဝင်စိုက်ပျိုးကြခြင်းအားဖြင့် ကမ္ဘာကြီးပူနွေးခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းတွေ မကြာခဏဖြစ်ပေါ်ခြင်း၊ တောမီးလောင်ခြင်း ဘေးအန္တရာယ်က ကာကွယ်နိုင်မှာဖြစ်ပါတယ်။ သစ်ပင်တွေစိုက်ကြရင် အရိပ်အာဝါသရလို့ အေးမြတဲ့အပြင် လေထုထဲလည်း အောက်ဆီဂျင် ပိုပြီးရောက်သွားတော့ လေဟာသန့်ရှင်းလာမယ်။ ရောဂါဖြစ်စေတဲ့ ဗက်တီးရီးယားတွေလည်း ကင်းစင်လာမယ်”**

**လူနေမှုဘဝပုံစံနဲ့ အနာဂတ်ကမ္ဘာ**

ကမ္ဘာ့လူဦးရေဟာ ၂ ဒသမ ၅ ဘီလီယံပဲဖြစ်ဖြစ်၊ ခြောက်ဘီလီယံပဲဖြစ်ဖြစ် လူတစ်ဦးချင်းဟာ လှုပ်ရှားမှု တစ်ခုမဟုတ်တစ်ခုနဲ့ ကင်းနိုင်ကြတာ မဟုတ်။ လူတို့ဟာ အပြောကျယ်လှတဲ့ ရုက္ခသတ္တလောကကြီးထဲမှာ နက်ရှိုင်းစွာ ယှက်နွယ်မှုတွေနဲ့ နှောင်ဖွဲ့ထားတာဖြစ်ပါတယ်။ လူ့ပတ်ဝန်းကျင်ဟာ တကယ်တော့ သီးခြားစီမဟုတ်၊ နက်ရှိုင်းပြီး ကွန်ရက်သဖွယ် ယှက်နွယ်ဆက်စပ်နေမှုကို လူ့ပတ်ဝန်းကျင်လို့ခေါ်တာပဲဖြစ်ပါတယ်။ ကောင်းတာမှန်သမျှ စားချင် ဝတ်ချင် လှချင်သူတွေကြီးထွားလာပါတယ်။ မြန်မြန်သွားချင်သူတွေ၊ မြင့်မြင့်မှာ နေချင်သူတွေ၊ မြို့ပြမှာ နေချင်သူတွေများသထက် များလာပါတယ်။ သွားလာနေထိုင်ရေးကအစ၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှု ကားတဝီဝီနဲ့ မောင်းနှင်လိုကြတဲ့ဆန္ဒအဆုံး အကျုံးဝင်သူတိုင်းဟာ လေထုတွင်းကို ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့တွေ ထုတ်လွှင့်တာကို ကာဗွန်ခြေရာအဖြစ်၊ ဒီကာဗွန်ခြေရာအကြီးအသေးဟာ ရာသီဥတုပူနွေးမှုကို ထင်ဟပ်စေပါတယ်။ လေကောင်းလေသန့် ရေကောင်းရေသန့်ရှိတဲ့ တောအရပ်ကို ပစ်ပယ်ပြီး ငွေရလွယ်သော်လည်း နံစော်နေတဲ့မြို့ကို ပြောင်းလာကြပါတယ်။ လူနေမှုဘဝပုံစံဟာ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုနဲ့ ဆက်စပ်နေတယ်လို့ ပြောတာဖြစ်ပါတယ်။

ညနေပိုင်း အပန်းဖြေစားသောက်ဆိုင်မှာ ဘီယာတစ်ကြိုက် အသားကင်တစ်ကိုက်၊ စားသောက်လေပန်းတဲ့ ဘဝပုံစံတစ်ခုကလည်း ကာဗွန်ဒိုင်အောက်ဆိုက် ၃၀၀ ဂရမ်၊ ပုလင်းဘီယာဆိုရင် ၅၀၀ ဂရမ်၊ နိုင်ငံခြားကတင်သွင်းတဲ့ဘီယာဆိုရင် ကာဗွန်ဒိုင်အောက်ဆိုက် (ကာဗွန်ဓာတ်ငွေ့) ၉၀၀ ဂရမ်အထိ ထွက်ပါတယ်။

ကုန်တိုက်စင်တာကြီးတွေမှာ တစ်ခေါက်လာတန် ပစ္စည်းတွေဝယ်ရင်လည်း ကာဗွန်ဓာတ်ငွေ့ဟာ ၆၅၀ ဂရမ် ထုတ်လွှတ်တယ်လို့လေ့လာမှုအရ သိရပါတယ်။ သယ်ယူပို့ဆောင်ရေးကြောင့် ကာဗွန်ဓာတ်ငွေ့ထွက်တာကို ပြောတာဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းထွက် ကိုယ့်အနီးအနားဒေသတွင်းက ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်သမျှ ရောင်းကြဝယ်ကြရင် သယ်ယူစရိတ်ကျဆင်း၊ လောင်စာဆီသုံးရတာနည်းလာတော့ ကာဗွန်ဓာတ်ငွေ့အထွက်နည်းလို့ ရာသီဥတုပူနွေးမှုကို လျှော့ချရာရောက်တယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ အသီးအရွက်ဝယ်မယ်ဆိုရင်တောင် ပြည်တွင်းဒေသထွက် စိုက်ပျိုးသီးနှံကို ဝယ်ယူစားသုံးသင့်တယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။

**ဂျပန်နိုင်ငံရဲ့စပါးစိုက်ပျိုးရေး**

အလွန်အလျဉ်းသင့်တဲ့ ဥပမာတစ်ခုကတော့ ဂျပန်နိုင်ငံရဲ့စပါးစိုက်ပျိုးရေး လက်မလွှတ်တဲ့ကိစ္စ ဖြစ်ပါတယ်။ ဂျပန်ဟာ ထိုင်းနဲ့အမေရိကန်က ဆန်ဝယ်စားရင် ဈေးအလွန်သက်သာပါတယ်။ ဂျပန်ဆန်ဟာ ဈေးကြီးတယ်လို့ ဆိုပါတယ်။ သို့သော်လည်း ထိုင်းကဆန်နဲ့ အမေရိကန်ဆန်ကို ဝယ်မစားပါဘူး။ ပြည်တွင်းထွက် ဂျပန်ဆန်ကို ဝယ်စားတာရဲ့ အကြောင်းတရားက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်သာမက တစ်နိုင်ငံက တစ်နိုင်ငံသို့ ဆန်စပါးကို ရေကြောင်းက သယ်ဆောင်ရာမှာ ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာ မသုံးရတာကပင် လေထုထဲ ကာဗွန်ဓာတ်ငွေ့ အရောက်နည်းသွားစေဖို့ပါပဲ။ ဒါဟာ ကြီးမားတဲ့ရည်ရွယ်ချက်၊ ကမ္ဘာကြီးပူနွေးခြင်းက ကာကွယ်ခြင်းလို့ဆိုပါတယ်။

၁၉၉၉ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း မြန်မာနိုင်ငံမှာ ဒီဇယ်ဓာတ်ဆီနဲ့စက်တွေမောင်း၊ မြစ်ရေတင် စီမံကိန်းနဲ့ နွေစပါးစိုက်ပျိုးရေးကို အကြီးအကျယ် ဆောင်ရွက်ခဲ့လို့ ဆန်ရေစပါးပြည့်စုံခဲ့ပါတယ်။ ဒါဟာ ကာဗွန်သံသရာကို ကောင်းစွာနားလည်တဲ့ သဘောပဲဖြစ်ပါတယ်။ ဒီဇယ်နဲ့ဓာတ်ဆီဟာ စက်ထဲ လောင်ကျွမ်းတော့ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှင့်၊ စပါးပင်တွေက အဲဒီကာဗွန်ဓာတ်ငွေ့ကိုစုပ်ယူ၊ စပါးဆန်ထုတ်ပေး၊ လူတွေစားတော့ ကာဗွန်ဓာတ်ငွေ့ ပြန်လည်ထုတ်ပေးတဲ့ ဒီဖြစ်စဉ်ဟာ တစ်ပတ်လည်ဖို့ နှစ် ၃၀၀ ကြာတယ်လို့ သိပ္ပံသဘောအရ သိရပါတယ်။

သိပ္ပံနည်းကျ တိုင်းတာချက်များအရ –

- လက်ကိုင်ဖုန်းနဲ့ တစ်နေ့ နှစ်မိနစ်ခန့် ပုံမှန်ဆက်သွယ်ပြောဆိုခဲ့ရင် တစ်နှစ်ကြာတဲ့အခါ ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏ ၄၇ ကီလိုဂရမ် ထုတ်လွှင့်တာနဲ့ညီမျှပါတယ်။ ဘာကြောင့်လဲ၊ ဒီလက်ကိုင်ဖုန်းကို လျှပ်စစ်အားသွင်းရလို့ပဲ။
- သောမတ်အယ်ဒီဆင် တီထွင်ခဲ့တဲ့ တစ်ရာဝပ် မီးသီးကိုသုံး တစ်နှစ်တာ မီးမပိတ်မိခဲ့ရင် ကာဗွန်ဓာတ်ငွေ့ပမာဏ ၅၀၀ ကီလိုဂရမ်၊ မြန်မာအခေါ် အီကြာကွေး မီးလုံးသုံးခဲ့လို့ မီးမပိတ်မိခဲ့ရင် ကာဗွန်ဓာတ်ငွေ့ပမာဏ ၉၀ ကီလိုဂရမ် ထွက်ပါလိမ့်မယ်။
- ကိုယ်ပိုင်မော်တော်ကားကို တစ်နှစ် မိုင်ပေါင်း ၉၀၀၀ မောင်းခဲ့ရင် ထိုသူဟာ နှစ်စဉ် သစ်ပင် ၂၅ ပင် စိုက်ရမယ်လို့ ကာဗွန်ခြေရာအရ သိရပါတယ်။ လေထုထဲ ကာဗွန်ဓာတ်ငွေ့တန်ချိန် ၁၂တန်ထုတ်လွှတ်တဲ့မော်တော်ကားပိုင်ရှင်ဟာ တစ်နှစ်သစ်ပင် ၂၅ ပင်ကိုတော့ ဖြစ်အောင် စိုက်သင့်ပါတယ်။

တကယ်တော့ လောင်စာဆီအများအပြားသုံး၊ ဇိမ်ခံကားစီးတဲ့သူကိုယိုးမယ်ဖွဲ့တာ မဟုတ်ပါဘူး။ ဘယ်နိုင်ငံမဆို အရာရှိလူကြီး၊ လုပ်ငန်းရှင်ကြီး တစ်ဦးဟာ တစ်နေ့ ဆီနှစ်ဂါလန်၊ တစ်လ ဆီဂါလန် ၆၀ သုံးကာ အနည်းဆုံး ခရီးမိုင် ၇၅၀ ပေါက်ပါတယ်။ ကာဗွန်ဓာတ်ငွေ့ တစ်တန်လည်း လေထုထဲ ရောက်လာပါတယ်။ တစ်နှစ်ကုန်ရင် ဒီကားပိုင်ရှင်ဟာ ခရီးမိုင် ၉၀၀၀ ပေါက်ပါတယ်။ လိုအပ်လို့ ဒီလောက် ဓာတ်ဆီလောင်စာကို သုံးရတာဖြစ်သော်လည်း ကာဗွန်ဓာတ်ငွေ့တန်ချိန် ၁၂ တန် လေထုထဲ ထုတ်လွှင့်မိလျက်သားဖြစ်သွားပါတယ်။ သိပ္ပံနည်းကျတွက်ချက်မှုအရ ၁၂ တန်သော ကာဗွန်ဓာတ်ငွေ့ကို သစ်ပင်ကသာစုပ်ယူနိုင်တာကြောင့် ဒီလုပ်ငန်းပိုင်ရှင် အရာရှိကြီးဟာ တစ်နှစ်သစ်ပင် ၂၅ ပင် စိုက်ရပါမယ်။

ဆေးရုံတွေ၊ ကျောင်းတွေနဲ့ ရုံးတွေမှာလည်း ရုံးဝန်ထမ်းတွေ၊ ပြည်သူတစ်ဦးချင်း လျှပ်စစ်သုံးတဲ့သူတိုင်းဟာ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှင့်တဲ့ကိစ္စရှိကြတာမို့

စာမျက်နှာ ၁၇ သို့ ❍

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၈၀ | ၁၉၂၅ | ၁၉၂၀ | ၁၈၉၀ | ၁၉၂၅ | ၁၉၅၀ | ၁၉၃၅ | ၁၉၁၀ | ၂၀၀၅ | ၂၀၂၀ | ၁၉၂၀ | ၁၉၂၅ | ၁၉၆၀ | ၁၉၆၅ | ၁၉၆၅ | ၂၁၈၅ | ၂၆၆၅ |
| 95 Ron | ၁၉၅၅ | ၂၀၀၀ | ၁၉၉၅ | ၁၉၆၀ | ၁၉၉၅ | ၂၀၂၀ | ၂၀၀၅ | ၁၉၈၅ | ၂၀၈၀ | ၂၀၉၅ | ၁၉၉၀ | ၂၀၀၅ | ၂၀၃၅ | ၂၀၃၅ | ၂၀၃၅ | ၂၂၅၅ | ၂၇၂၅ |
| HSD (500 ppm) | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၅ | ၂၃၈၅ | ၂၃၈၀ | ၂၂၈၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၂၅ | ၂၃၂၅ | ၂၅၄၅ | ၂၉၅၅ |
| HSD (50 ppm) | ၂၃၀၀ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၅ | ၂၆၀၀ | ၂၉၈၅ |
| HSD (10 ppm) | ၂၃၀၀ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၅ | ၂၆၀၀ | ၂၉၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၈၆ | ၁၈၅၅ |
| 95 Ron | ၁၈၅၆ | ၁၉၂၆ |
| HSD (500 ppm) | ၂၁၃၆ | ၂၂၀၈ |
| HSD (50 ppm) | ၂၁၉၁ | ၂၂၆၅ |
| HSD (10 ppm) | ၂၁၉၁ | ၂၂၆၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မအူပင်မြို့နယ်၌ ဓာတ်မြေသြဇာနှင့် စိုက်ပျိုးရေးစရိတ် ထောက်ပံ့ပေးအပ်

မအူပင် ဇူလိုင် ၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် ၂၀၂၂-၂၀၂၃ မိုးစပါးရာသီတွင် တစ်ဧကလျှင် အထွက်နှုန်းတင်း ၁၀၀ ထွက်ရှိရေးအတွက် ဧက ၁၀၀ စံပြကွက်ရှိ တောင်သူများအား ဓာတ်မြေသြဇာနှင့် စိုက်ပျိုးရေးစရိတ် ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့တွင် မအူပင်မြို့နယ် ငါးကြီးဂရက်ကျေးရွာအုပ်စု နည်းပညာပြန့်ပွားရေးစင်တာတွင် ဆောင်ရွက်သည်။

အခမ်းအနားသို့ မအူပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့်မြို့နယ် စိုက်ပျိုးတိုးတက်မြင့်မားရေးအဖွဲ့ဝင်များနှင့် ဝန်ထမ်းများတက်ရောက်ကြပြီး မိုးစပါးရာသီတွင် အထွက်နှုန်းတိုးတက်မြင့်မားရေးအတွက် ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးစိုးမိုးအောင်၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးသာအေးနှင့် စိုက်ပျိုးရေးဝန်ထမ်းများက နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်ရန် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားဆွေးနွေးကာ တောင်သူများအား မျိုးစပါးနှင့် စိုက်ပျိုးရေးစရိတ်များကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကြံခင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း

ကြံခင်း ဇူလိုင် ၈

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းမိသားစုများက ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းခြင်းကို ယမန်နေ့က ကြံခင်းမြို့ ရွှေတောင်စုရပ်ကွက် ရွှေညောင်ပင်ကျောင်းတိုက်၌ ဆက်ကပ်လှူဒါန်းခဲ့သည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ ဆက်ကပ်လှူဒါန်းရာတွင် ရွှေညောင်ပင် ကျောင်းတိုက်အတွင်း သီတင်းသုံးတော်မူသော ရဟန်းသံဃာ၊ သာမဏေများ ဆွမ်းဆန်တော်ခက်ခဲမှု မရှိစေရန်ရည်ရွယ်ပြီး ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဝါယမထံသို့ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းတန် ဦးဆောင်သော အရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းမိသားစုများက ဆွမ်းဆန်တော် ရှစ်အိတ်ကို ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



❍ စာမျက်နှာ ၁၆ မှ

ကမ္ဘာကြီးပူနွေးလာပါမယ်။ ရာသီဥတုဖောက်ပြန်တာတွေ ဖြစ်ပေါ်လာနိုင်တယ်ဆိုတာ သိထားဖို့၊ ကျောက်မီးသွေးသုံးပြီး လျှပ်စစ်ထုတ်ရတဲ့နိုင်ငံတွေ မော်တော်ယာဉ် ကြီး၊ ငယ်တွေ အလွန်အကျွံသုံးတဲ့ နိုင်ငံတွေမှာ လောင်စာဆီနဲ့ လျှပ်စစ်သုံးကြရင် ကာဗွန်ဓာတ်ငွေ့ထွက်တာ၊ ထုတ်လွှင့်တဲ့ ကာဗွန်ဓာတ်ငွေ့ကို စုပ်ယူနိုင်တဲ့ သစ်တောသစ်ပင်တွေကို စိုက်ကြရမယ်ဆိုတာသိဖို့ အသေးစိတ်ရေးရတာဖြစ်ပါတယ်။ ရေရှည်ဖွံ့ဖြိုးဖို့ အထိရောက်ဆုံးလှုပ်ရှားမှုကြီးက သစ်ပင်စိုက်ပျိုးတာပဲဖြစ်ပါတယ်။ အနိမ့်ဆုံးအဆင့်မှာတောင် ကိုယ့်ခြံဝင်းအတွင်း ၁၈ ပေ-၃ ပေအကျယ်မှာ ပန်းပင်အလှတွေ စိုက်ရင်ပဲ ကိုယ့်အိမ်ကထွက်တဲ့ ကာဗွန်ဓာတ်ငွေ့ကို သန့်စင်နိုင်ပြီလို့ပြောနိုင်ပါတယ်။

ကမ္ဘာကြီးကို ပူနွေးစေတဲ့ အဓိကဓာတ်ငွေ့ဖြစ်တဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ကို ကိုယ့်ကြောင့် ပိုမိုမထွက်စေဖို့ လိုအပ်ပါတယ်။ ကိုယ်တစ်ယောက်တည်းအနေနဲ့ မည်သို့မည်ပုံလျှော့ချနိုင်မယ်ဆိုတာတွေလည်း စဉ်းစားနိုင်မှာဖြစ်ပါတယ်။ ဒီသဘောပဲ သန်းပေါင်းခုနစ်ထောင်ကျော်ရှိတဲ့ ကမ္ဘာ့လူထုဟာ ကာဗွန်ဓာတ်ငွေ့ လျှော့ချတဲ့နည်းတွေကို မမေ့မလျော့ ကျင့်သုံးရမှာဖြစ်ပါတယ်။ ကမ္ဘာ့လူဦးရေ လျှော့ချဖို့ကိစ္စဟာ အကြီးမားဆုံး အခက်အခဲပဲ၊ မဖြစ်နိုင်လောက်တဲ့ကိစ္စဖြစ်ပါတယ်။ ကမ္ဘာကြီး ပူနွေးလာပြီး ဘေးဒုက္ခအပေါင်းကကင်းဝေးဖို့၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လူထုတွင်းမှာရှိတဲ့ ထုတ်လုပ်ရောင်းချသုံးစွဲသူတိုင်းမှာ တာဝန်ကိုယ်စီရှိကြတာကို သိရှိရုံသာမက လိုက်နာကျင့်သုံးရမှာဖြစ်တယ်။

- မြို့ကြီးပြကြီးတွေမှာ လူထုသုံး ဘတ်စ်ကားလိုင်း၊ မြို့ပတ်ရထား၊ မြေအောက်ရထားလိုင်းတွေနဲ့ ရုံးသွားရုံးပြန်လုပ်ကြရပါမယ်။ ကျောင်းကြို၊ ကျောင်းပို့ လုပ်ကြရပါမယ်။
- အပြင်မှာ လွန်စွာပူပြင်းမှ လေအေးစက်ကို အသုံးပြုရပါမယ်။
- အသီးအနှံ၊ အသား၊ ငါးကိုပြည်တွင်းရွာနီးချုပ်စပ်က ဝယ်ယူသုံးစွဲကြရပါမယ်။
- လျှော့ - ပြန်လည်သုံးနဲ့ အလီလီသုံးနိုင်တယ်ဆိုတဲ့ (Reduce, Reuse and Recycle) စနစ်ကို ကျင့်သုံးရပါမယ်။

ပုံမှန်လုပ်ရိုးလုပ်စဉ်တွေကို ရှေးအရင်ကလို လုပ်နေကြမယ်ဆိုရင် ဆိုင်ကလုန်းတွေနဲ့ တွေ့ရလိမ့်မယ်။ မိုးသည်းထန်၊ မိုးခေါင်တဲ့ဖြစ်ရပ်တွေ ရေကြီးရေလျှံရေဘေးဒုက္ခတွေကြုံရလိမ့်မယ်။

ကောင်းပါပြီ.. ဒီဆောင်းပါးကို ဒီလိုနိဂုံးချုပ်ချင်ပါတယ်။

“ရေမကြွယ် ထင်းမကြွယ်” ဆိုတဲ့ အတိုင်း- လူတိုင်းလူတိုင်းဟာ-

- ကမ္ဘာကြီးပူနွေးခြင်း၊ ပုံမမှန်ရာသီဥတု ဖြစ်ပေါ်ခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းတွေ မကြာခဏတိုက်ခိုက်ခြင်း ဘေးအန္တရာယ်က ကာကွယ်ရာမှာ တစ်ခုသောနည်းလမ်းဟာ ရေနဲ့ လျှပ်စစ်ဓာတ်ကို ခြိုးခြံချွေတာထုတ်လုပ်သုံးစွဲဖို့နဲ့ ကမ္ဘာ့စံနှုန်းဖြစ်တဲ့ “တစ်ယောက်တစ်နှစ် သစ်ပင်နှစ်ပင်” စိုက်ကြရင် ရွှေတိုက်ကို စိုးနိုင်မှာဖြစ်ကြောင်း ရေးသားအပ်ပါတယ်။ ။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြု လေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် စာမျက်နှာအချပ်ပို လေးမျက်နှာဖြင့် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6

ဒီအပတ်မှာ Unit 2: Lesson 2: Talking about families နဲ့သက်ဆိုင်တဲ့ အကြောင်းအရာတွေကို ဖော်ပြသွားမှာဖြစ်ပါတယ်။

### Unit 2 : Lesson 2 : Talking about families

- Talking about personal details

(၁) အောက်ပါပေးထားချက်များကို မေးခွန်းများတွင် ဖြည့်စွက်ပြပါ။

| | | | |
|---|---|---|---|
| eleven | listening to music | five | one brother and one sister |
| father, mother, one brother, one sister and me. | | Monhingha | |

1. How old are you? ______________.
2. What's your hobby? ______________.
3. What's your favourite food?______________.
4. How many people are there in your family?______________.
5. Who are they?______________.
6. How many brothers and sisters do you have? ____________.

အထက်ပါ အမေးနှင့်အဖြေများကို Student(A) နဲ့ Student(B) အပြန်အလှန်လေ့ကျင့်ပါ။

### How to talk about personal details (ကိုယ်ရေးအချက်အလက်များ မေးမြန်း၊ ဖြေကြားနည်း)

**(1) Name**

နာမည်ကိုမေးရင် What's your name?/ Can you tell me your name?/ Can I know your name?

နာမည်ကို ပြန်ဖြေရင် My name is ____. / I'm ____.

**(2) Age**

အသက်ကိုမေးရင် How old are you? / What is your age?

အသက်ကို ပြန်ဖြေရင် I am _11__ years old. / My age is 11. / I am 11.

**(3) Siblings(မောင်နှမအရင်း)**

မောင်နှမအရင်း ဘယ်နှယောက်ရှိလဲလို့ မေးရင် How many brothers and sisters do you have?

ပြန်ဖြေရင် I have ___ brothers and ___ sisters. (or) တစ်ဦးတည်းသော သား၊ သမီးဆိုရင် I am the only son/ daughter. လို့ဖြေဆိုနိုင်ပါတယ်။

**(4) School**

စာသင်ကျောင်းဘယ်နေရာမှာလဲလို့ မေးရင် Where is your school?

ဘယ်ကျောင်းကို သွားတာလဲလို့မေးရင် What school do you go?

ပြန်ဖြေရင် My school is in ____. / I go to No. (1) Basic Education High/Middle School.

**(5) School time**

ကျောင်းအချိန်ကိုမေးရင် What time does your school start/ finish?

ပြန်ဖြေရင် My school starts at 9 O'clock and finishes at 3 O'clock. (or) My school is over at 3 O'clock.

**(6) Favourite food**

အကြိုက်နှစ်သက်ဆုံးအစားအစာကိုမေးရင် What is your favourite food?

ပြန်ဖြေရင် My favourite food is _____. (or) My favourite foods are ___, ___ and ___.

**(7) Hobby**

ဝါသနာကိုမေးရင် What is your hobby? (or) What are your hobbies?

ပြန်ဖြေရင် My hobby is ___. (or) My hobbies are __, ___ and ___.

(V-ing နဲ့ဖြေဆိုပေးရပါမယ်။ ဥပမာ။ singing songs, playing the piano.. etc)

**(8) Ambition**

ရည်မှန်းချက်ကိုမေးရင် What is your ambition? (or) What do you want to be when you grow up?

ပြန်ဖြေရင် My ambition is to be a ___/ an ___.

**(9) Family members**

မိသားစုဝင်ဘယ်နှယောက်ရှိသလဲလို့မေးရင် How many people are there in your family?

ပြန်ဖြေရင် There are ___ people in my family.

မိသားစုဝင်တွေက ဘယ်သူတွေလဲလို့မေးရင် Who are they?

ပြန်ဖြေရင် They are father, mother, …….etc.

**(10) Live with**

ဘယ်မှာနေသလဲလို့မေးရင် Where do you live?

ပြန်ဖြေရင် I live at No (..) in …Street, … Ward, … town.

ဘယ်သူနဲ့အတူနေသလဲလို့ မေးရင် Who do you live with?

ပြန်ဖြေရင် I live with my family/ my grandparents.

**(2) Ask your friends about their personal details and then complete the text. (သူငယ်ချင်းများရဲ့ ကိုယ်ရေးအချက်အလက်များကို မေးမြန်းပါ။ ပြီးနောက် အောက်ပါစာပိုဒ်တွင် ဖြည့်စွက်ပါ။)**

You can use the following questions. (အောက်ပါမေးခွန်းများကို အသုံးပြုနိုင်သည်။)

•What's your name?
•How old are you?
•How many brothers and sisters do you have?
•What's your favourite food?
•What's your hobby?
•What is your ambition?
•How many people are there in your family?
•Who do you live with?

သူငယ်ချင်း (၁)

Her name's _____. She is _____ years old. She has _____ brothers and _____ sisters. Her school is near her home. The school starts at 9 O'clock in the morning and is over at 3 O'clock in the afternoon. Her favourite food is _____. Her hobby is ____. She uses colour pencils to draw pictures. Her ambition is to be a _____. There are _____ people in her family. She lives in Yangon with her _____.

**Reading practice**
**Read the text.**

Hi, I' m Yin Yin. I was born in December 2007. Now, I'm 12 years old. I've got one brother. He is 4 years younger than me. My grandparents live with us. So, there are six people in my family. We live in Kalaw. My brother and I go to school by bike. It takes about 10 minutes to get to school. I like Mohinga and coconut noodles very much. My hobbies are listening to music, reading and gardening. My brother likes playing football. I am happy to water plants in our garden. My brother's favourite colour is blue. I always choose things mostly in white. My family love music. My dad's favourite is pop music. Lazy Club and Emperor are his favourite bands. Mom and I like rock songs but my brother doesn't. He likes rap songs. Lay Phyu and Ah Nge are our favourite singers.

**(3) Write true or false.**

1. Yin Yin was born in December 2009. (1) _____
2. She is 12 years older than her brother. (2) _____
3. They live in Kalaw. (3) _____
4. They have a 10-minute bike ride to school. (4) _____
5. Yin Yin's brother always chooses things in white colour. (5) _____
6. He likes to read in his free time. (6) _____
7. Yin Yin and her mother likes rap music. (7) _____
8. Yin Yin's father is a fan of Lazy Club band. (8) _____
9. Yin Yin's brother is 10 years old. (9) _____
10. Ah Nge is her father's favourite. (10) _____

x x x x x x

## Grade 7

အရင်အပတ်တွင် Unit 1: Lesson 4: A personal profile သင်ခန်းစာအကြောင်း ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။ ယခုအပတ်မှာတော့ Unit 2: Lesson 1 : Keeping good habits (အကျင့်ကောင်းများမွေးမြူခြင်း) အကြောင်းကို ရှင်းပြသွားမှာဖြစ်ပါတယ်။

### Lesson 1: Keeping good habits (အကျင့်ကောင်းများ မွေးမြူခြင်း)


* talking about good habits အကျင့်ကောင်းများ မွေးမြူခြင်း

**Vocabulary**

**(1) Match the phrases with the pictures. အောက်ပါတို့ကို ရုပ်ပုံများဖြင့် ယှဉ်တွဲပြပါ။**


1. notebook habit မှတ်စုရေးခြင်း အလေ့အကျင့်
2. correction habit အမှားပြင်ဆင်ခြင်း အလေ့အကျင့်
3. questioning habit မေးခွန်းမေးမြန်းခြင်း အလေ့အကျင့်
4. dictionary habit အဘိဓာန်သုံးခြင်း အလေ့အကျင့်
5. revision habit ပြန်လည်လေ့လာမှတ်သားခြင်း အလေ့အကျင့်
6. cleaning up habit တစ်ကိုယ်ရေသန့်ရှင်းခြင်း အလေ့အကျင့်
7. saying "please" and "thank you" habit ကျေးဇူးပြုပြီး နှင့် ကျေးဇူးတင်ပါတယ် စကားများဆိုခြင်း အလေ့အကျင့်

(a)


(b)



(c)


(d)


(e)


(f)



(g)


**(2) Choose a good habit or a bad habit from the following. The first one is given for you.**

1. cleaning သန့်ရှင်းရေးလုပ်ခြင်း a good habit
2. eating chocolate ချောကလက်စားခြင်း _________
3. staying late အိပ်ရာနောက်ကျမှဝင်ခြင်း _________
4. smoking ဆေးလိပ်သောက်ခြင်း _________
5. getting into fights ရန်ပွဲများတွင်ပါဝင်ခြင်း _________
6. boasting ကြွားဝါခြင်း _________
7. smiling ပြုံးပြခြင်း _________
8. eating a healthy diet ကျန်းမာရေးနှင့်ညီညွတ်အောင်စားခြင်း _________
9. picking your nose နှာခေါင်းနှိုက်ခြင်း _________
10.gossiping အတင်းအဖျင်းပြောခြင်း _________

**(3) ပေးထားသောဥပမာကိုကြည့်ပြီး သူငယ်ချင်းများကို မေးခွန်းများမေးပါ။**

**e.g Who has the dictionary habit?**

**I do.**

(1) Who has the revision habit?
(2) Who goes to bed early and wakes up early?
(3) Who has the notebook habit?
(4) Who reads every day?
(5) Who has the questioning habit?
(6) Who takes exercise every day?
(7) Who puts things in their place?
(8) Who cleans up the mess?
(9) Who writes an essay once a week?
(10) Who has telling lies?

**(4) မေးခွန်းများမေးပြီးနောက်အလေ့အထတူညီမှုရှိသောသူငယ်ချင်းများကို ရွေးချယ်ပါ။**

ဥပမာ။ **Ko Ko and Zaw Zaw** have the notebook habit.

**Mu Mu and Nu Nu** go to bed early and get up early.

______________________________.

______________________________.

**(5) Talk about the good habits of your family members in groups. (မိသားစုဝင်များ၏ အလေ့အထကောင်းများနှင့်ပတ်သက်ပြီး အနည်းဆုံး ၁၀ ကြောင်းချရေးပါ။**

e.g. My father reads the newspaper at breakfast.

My mother gets up early.

My grandpa repairs broken things.

1. ________________________________________.
2. ________________________________________.
3. ________________________________________.

(လာမည့်အပတ်တွင် Lesson 2 : Getting rid of bad habits အကျင့်ဆိုးများဖျောက်ပစ်ခြင်းအကြောင်းကို ရှင်းပြသွားပါမည်)

## Grade 8

### Unit 2

### Lesson 2 : School

- Types of school
- Schooldays

**Reading**


**My Schooldays**

Schooldays play an important part in our lives. When we reach school age, our parents send us to school: a government school, a private school or a monastic school. At school, we learn from our teachers. We make friends in our class and learn together. The people we meet at school and the skills we learn there shape our lives.

(ကျောင်းနေ့ရက်များသည် ဘဝတွင် အရေးကြီးသောအစိတ်အပိုင်းတစ်ခုဖြစ်သည်။ ကျောင်းနေအရွယ် ရောက်သောအခါ မိဘများက ကျွန်မတို့ကို အစိုးရကျောင်း၊ ပုဂ္ဂလိကကျောင်း သို့မဟုတ် ဘုန်းတော်ကြီးကျောင်းသို့ ပို့ပေးပါသည်။ ကျောင်းမှာ ဆရာ ဆရာမတွေဆီက သင်ယူတယ်။ အတန်းထဲမှာ သူငယ်ချင်းဖွဲ့ပြီး အတူတူသင်ယူတယ်။ ကျောင်းမှာတွေ့တဲ့ လူတွေနဲ့ အဲဒီမှာ သင်ယူရတဲ့ အရည်အချင်းတွေက ငါတို့ရဲ့ဘဝကို ပုံဖော်ပေးတယ်။)

My primary school life began when I was five. It was a mixed school which was just around the corner of our street. It was a good school and the teachers were rather strict. We started to develop fundamental skills: reading, writing and mathematics. These skills formed a solid foundation of learning. My favourite teacher was my Grade 4 class teacher. She was a great teacher. She was aware of the strengths and weaknesses of her students. And she always encouraged us to improve ourselves. Because of her encouragement, I won a prize in an essay competition. As a result, learning at school became a joy for me. I always remember her as an inspiring teacher.

(ကျွန်မရဲ့ မူလတန်းကျောင်းသူဘဝက အသက်ငါးနှစ်မှာ စတင်ခဲ့တာပါ။ လမ်းထောင့်မှာရှိတဲ့ မိန်းကလေး၊ ယောကျ်ားလေး ရောနှောနေတဲ့ ကျောင်းတစ်ကျောင်းပါ။ ကျောင်းကောင်းတစ်ကျောင်းဖြစ်ပြီး ဆရာ ဆရာမများကလည်း စည်းကမ်းတင်းကျပ်ပါတယ်။ အခြေခံကျသော စွမ်းရည်များဖြစ်သည့် စာဖတ်ခြင်း၊ စာရေးခြင်းနှင့် သင်္ချာဘာသာရပ်တို့ကို စတင်ခဲ့ပါသည်။ ဤအရည်အချင်းများသည် သင်ယူခြင်း၏ ခိုင်မာသောအခြေခံအုတ်မြစ်ကို ဖြစ်ပေါ်စေခဲ့သည်။ ကျွန်မအကြိုက်ဆုံးဆရာမက ၄ တန်း အတန်းပိုင်ဆရာမပါ။ သူဟာ ကြီးမြတ်သော ဆရာမ တစ်ဦးဖြစ်ပါတယ်။ သူ့တပည့်တွေရဲ့ အားသာချက်၊ အားနည်းချက်တွေကို သူသိတယ်။ ပြီးတော့ သူက ကျွန်မတို့ကို ကိုယ့်ကိုယ်ကို တိုးတက်အောင် အမြဲအားပေးတယ်။ သူ့ရဲ့ အားပေးမှုကြောင့် စာစီစာကုံးပြိုင်ပွဲမှာ ဆုရခဲ့ပါတယ်။ ရလဒ်အနေနဲ့ ကျောင်းမှာ သင်ယူရတာ ကျွန်မအတွက် ပျော်ရွှင်စရာတစ်ခု ဖြစ်လာခဲ့ပါတယ်။ အတုယူစရာ ဆရာမတစ်ယောက်အနေနဲ့ သူ့ကို အမြဲအမှတ်ရနေပါတယ်။)




For my secondary education, my father sent me to an all-girls high school. It was quite a big school in a large compound. All the teachers were good at teaching and dedicated to their work. My ideal teacher was our Grade 7 maths teacher. Her teaching was excellent. When teaching a new concept, she gave a simple example and explained step by step. She always made us do a lot of homework and gave us feedback. She looked stern but she never lost her temper with us. She was a truly dedicated teacher.

(အလယ်တန်းပညာရေးအတွက် အဖေက ကျွန်မကို မိန်းကလေးသီးသန့် အထက်တန်းကျောင်းတက်ခိုင်းတယ်။ ခြံဝင်းကျယ်ကြီးထဲမှာ ကျွန်မတို့ကျောင်းတော်ကြီးပေါ့။ ဆရာ ဆရာမ အားလုံးသည် သင်ကြားရေးမှာ ထူးချွန်ကြပြီး အလုပ်ကို ဇောက်ချလုပ်ကိုင်ကြတယ်။ ကျွန်မရဲ့ စံပြဆရာမကတော့ ၇ တန်း သင်္ချာဆရာမပါ။ သူ၏ သင်ကြားမှုမှာ အလွန်ကောင်းမွန်သည်။ အယူအဆသစ်တစ်ခုကို သင်ကြားသောအခါတွင် ရိုးရှင်းသော ဥပမာတစ်ခုပေးပြီး အဆင့်ဆင့်ရှင်းပြပါတယ်။ သူက အမြဲတမ်း ကျွန်မတို့ကို အိမ်စာတွေအများကြီး လုပ်ပေးပြီး ကျွန်မတို့ကို အကြံပြုချက်ပေးတယ်။ မျက်နှာထားတင်းမာနေပုံရသော်လည်း သူသည် ကျွန်မတို့အပေါ် ဘယ်သောအခါမှ ဒေါသမထွက်ပေ။ သူသည် အမှန်တကယ်ပင် စေတနာထက်မြက်သော ဆရာမတစ်ဦးဖြစ်ပါတယ်၊)

We also went on school trips to interesting places such as the National Museum and People's Park. These trips gave us memorable experiences. We gained knowledge and skills, and we developed physically, mentally and emotionally. My schooldays were the happiest days in my life!

(အမျိုးသားပြတိုက်နဲ့ ပြည်သူ့ဥယျာဉ်ကဲ့သို့သော စိတ်ဝင်စားဖွယ်ကောင်းသော နေရာတွေကို ကျောင်းခရီးစဉ်တွေလည်း လိုက်ပါခဲ့တယ်။ ဒီခရီးစဉ်တွေက ကျွန်မတို့ကို အမှတ်တရ အတွေ့အကြုံတွေ ပေးခဲ့ပါတယ်။ ကျွန်မတို့ဟာ အသိပညာနဲ့ ကျွမ်းကျင်မှုတွေ ရရှိပြီး ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်လာခဲ့ပါတယ်။ ကျွန်မရဲ့ ကျောင်းနေ့ရက်တွေဟာ ကျွန်မဘဝမှာ အပျော်ဆုံးနေ့တွေပါပဲ။)

**Answer the questions.**

1.Why are schooldays important?

______________________________________________.

2.What skills did the writer learn at the primary school?

______________________________________________.

3.Why did learning at school become a joy for the writer?

______________________________________________.

4.Who inspired the writer?

______________________________________________.

5.What adjectives does the writer use to describe her teachers?

______________________________________________.

6.Did you like your primary schooldays? Why/ why not?

______________________________________________.

++++++++++++++++++++++++++

## Grade 9 (စနစ်ဟောင်း)

### Present Continuous Tense

The present continuous is used to talk about:

(1)an activity that is happening now (ယခုဖြစ်ပျက်နေသည့် အကြောင်းအရာ)

(2) a temporary action (ယာယီအခိုက်အတန့်ဖြစ်ပျက်နေသည့် အကြောင်းအရာ)

(3) a planned future arrangement (အနာဂတ်တွင် လုပ်ဆောင်ဖို့ စီစဉ်ထားပြီးသည့် အကြောင်းအရာ)

**အထက်ပါအကြောင်းအရာ သုံးမျိုးကို ဖော်ပြပြောဆိုမယ်ဆိုရင် Present Continuous Tense ကို အသုံးပြုရပါတယ်။**

**Present Continuous Tense ရဲ့ပုံစံတွေကတော့**

| Positive Form | Negative Form | Positive Question |
|---|---|---|
| I am Ving | I am not Ving | Am I Ving? |
| We are | We are not | Are we ….? |
| You are | You are not | Are you …? |
| They are | They are not | Are they …? |
| He is | He is not | Is he …? |
| She is | She is not | Is she….? |
| It is | It is not | Is it….? |

e.g.

**I am playing tennis.**
**We are playing tennis.**
**You are playing tennis.**
**They are playing tennis.**
**He is playing tennis.**
**She is playing tennis.**
**It is playing tennis.**
**Ko Ko is playing tennis.**
**Ma Ma is playing tennis.**
**Ko Ko and Ma Ma are playing tennis.**

**(မှတ်ရန်။ Present Continuous ကို now; right now; at this moment; at present; at the moment; these days; this month စတဲ့ time expressions (အချိန်ညွှန်းကိန်း) တွေနဲ့ ယှဉ်တွဲရေးသားသည်။)**

အောက်ပါဥပမာ ဝါကျသုံးကြောင်းကို လေ့လာကြည့်ပါ။

(၁) Su May **is washing** the clothes. She can't come here. (လက်ရှိဖြစ်ပျက်နေတဲ့အခြေအနေ)
စုမေ အဝတ်လျှော်နေတယ်။ ဒီကို မလာနိုင်ဘူး။ လက်ရှိဖြစ်ပျက်နေတဲ့အခြေအနေဖြစ်ပါတယ်။

(၂) Uncle is a bank manager. He **is working** as a waiter in this restaurant this month. (ယာယီအခိုက်အတန့်ဖြစ်တဲ့ အခြေအနေ)
ဦးလေးက ဘဏ်မန်နေဂျာတစ်ယောက်ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီလအတွက်တော့ ဒီစားသောက်ဆိုင်မှာ စားပွဲထိုးလုပ်နေတယ်။

(၃) U Ba **is going** to Bagan at about 7 AM tomorrow. (အနာဂတ်တွင် လုပ်ဆောင်ဖို့ စီစဉ်ထားပြီးတဲ့အခြေအနေ)
ဦးဘ မနက်ဖြန် နံနက် ၇ နာရီမှာ ပုဂံမြို့ကို သွားနေပြီ။ (အားလုံးစီစဉ်ထားပြီးပြီဆိုတဲ့သဘော)

**(1) Choose one of the three facts from the following sentences. The first one is given for you.**

1. Daw Hla is watching the TV now.
(an activity that is happening now)
2. Ko Maung is a driver. He is playing the guitar at the restaurant these days.
(____________________)
3. They are buying this house next week.
(____________________)
4. I am doing homework right now.
(____________________)
5. My sisters are coming back from Yangon at this time tomorrow.
(____________________)
6. They are reading the newspapers at the moment.
(____________________)
7. She is cooking the coconut rice tomorrow.
(____________________)
8. We are getting married next month.
(____________________)
9. Ko Ko and Ma Ma are going to the cinema tonight.
(____________________)
10. Sein Sein is singing happily.
(____________________)

**(2) အောက်ပါဝါကျများကို အင်္ဂလိပ်လိုရေးပြပါ။**

၁။ ကျောင်းသား ကျောင်းသူတွေ စာကျက်နေကြတယ်။
______________________________________________.
၂။ သူတို့ နေ့လယ်စာ စားနေကြတယ်။
______________________________________________.
၃။ ဦးလှ ကျွန်တော်တို့ကို စာသင်နေတယ်။
______________________________________________.
၄။ မမ ငါးဟင်းချက်နေတယ်။
______________________________________________.
၅။ ဖေဖေ သီချင်း နားထောင်နေတယ်။
______________________________________________.

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝနှင့် စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတိုကို အပတ်စဉ်စနေနေ့တိုင်းတွင် တစ်လှည့်စီဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# ဆားဖျက်လေတယ်

ဆင်ဖြူကျွန်းအောင်သိန်း

လေပြည်ကလေးက တစ်ချက်ဝှေ့လိုက်တိုင်း ဝှေ့လိုက်တိုင်း မြလှိုင်းတွန့်ကြီးများသည် မြောက်ဘက်ကန်သင်းမှ တောင်ဘက်ကန်သင်းသို့ ပြေးလွှားရိုက်ခတ်သွားလေ၏။ လယ်ကွက်တစ်ခုဆုံးသော် လယ်ကွက်တစ်ခုတွင်းသို့ပြောင်းလျက် အိခနဲအိခနဲ မြလှိုင်းလိပ်ကြီးများ ပြေးခတ်သွားပြန်သည်။

ကိုဆေးရိုးသည် နေခြည်အကြွတွင် ဝင်းစိုနေသော မြလှိုင်းအိကြီးများ ပြေးသွားရာသို့ လည်ကိုဆန့်တန်း၍ ငေးမျှော်ကြည့်နေမိ၏။ လှိုင်းတွန့်ကြီးသည် မရပ်နားဘဲ ပြေးလွှားနေ၏။ လယ်တစ်ကွက်ဆုံးသော် နောက်လယ်တစ်ကွက်၊ သည်လယ်တစ်ပွဲဆုံးသော် နောက်လယ်တစ်ပွဲ။ မျက်စိဖြင့်ကြည့်မြင်နိုင်သော ခရီးတာသာ ကုန်ဆုံးမှုန်ဝါးသွားသည်။ ဆက်၍ဆက်၍ မြူးကြွနေသော မြလှိုင်းတွန့်ကြီး၏ ခရီးကား မဆုံးသေး။

"အင်း ..."

ကိုဆေးရိုးသည် ခေါင်းကိုငုံ့၍ ညည်းလိုက်မိလေ၏။ မိမိတို့ ကျင်လည်ရာဘဝသည်လည်း ဤမြလှိုင်းတွန့်၏ခရီးနှင့် ဘာများ ထူးခြားကွဲလွဲပါသေးသနည်း။

ရက်များကို တစ်ရက်ပြီးတစ်ရက် ကုန်လွန်စေခဲ့ရ၏။ လပေါင်းများစွာကို ဖြတ်သန်းပြီးသကာလ နှစ်ပေါင်းမြောက်မြားစွာကိုလည်း ဝါးမျိုခဲ့ရပေပြီ။ မြလှိုင်းတွန့်၏ ခရီးသံသရာ ဘယ်မှာဆုံးတိုင်မည် မသိသလို မိမိတို့၏ မွဲနုံသော ခရီးကြမ်းသည်လည်း ဘယ်ကာလတွင် အဆုံးသတ်မည်မသိ။ လေပြည်ညင်းရာ စပါးပင်ကွင်းကြီးတစ်လျှောက် ထကြွလာသော မြလှိုင်းအိအိကြီးသည် မဆုံးနိုင်သောခရီးကို ဖြတ်သန်းပြေးလွှားသွားရပေမယ့် လှိုင်းတွန့်၏နောက်ဝယ် ဘာတစ်ခုမျှ အမှတ်အသားမကျန်ခဲ့ချေ။ ဩော်... မိမိတို့၏ဘဝသည်လည်း တစ်လပြီးတစ်လ၊ တစ်နှစ်ပြီးတစ်နှစ် နွားနှင့်ဖက်ရုန်းကာ တလင်းနှင့် လယ်ပြင်လှည့်ပတ်ကာ ကျင်လည်ခဲ့ရ၏။ ဘာမျှပြောင်းလဲတိုးတက်ခြင်းဖြစ်ပေါ်၍ မလာပါကလား။

"အင်း... ဘုရား... ဘုရား"

အသက်အရွယ်ထောက်၍ သွားများပင် ခြောက်ချောင်းမျှ ကျိုးလာပြီဖြစ်သည့်အတွက် ကိုဆေးရိုး၏ ညည်းတွားသံဝယ် တရားသံ၊ ဘုရားသံ ပါဝင်လာ၏။ သူ၏ ကြည့်ရှုဆင်ခြင်ချက်တိုင်းသည်လည်း တရားသဘော စဉ်းငယ်နှော၍လာပေပြီ။ ကိုဆေးရိုး ရပ်နေရာ လယ်ကွက်ထိပ်တွင် ငှက်ကြီးဝန်ပိုတစ်ကောင်သည် စျာန်ဝင်စားနေသော မထေရ်တစ်ပါးအလား ငြိမ်သက်စွာရပ်နေ၏။ ဝေသာလီဗျိုင်းကလေးတစ်ကောင်မှာမူ စပါးပင်များကြားသို့ ထိုးသုတ်ကာ ပျံတက်သွား၏။ ဗျိုင်းငယ်၏ အော်သံပျောက်ကွယ်သွားလျှင် ကိုဆေးရိုး၏ ပတ်ဝန်းကျင်တွင် တိတ်ဆိတ်မြဲတိတ်ဆိတ်နေလေ၏။ သို့သော်လည်း ကန်သင်းခြေတွင်ကပ်လျက် တသွင်သွင်ဆင်းနေသော ရေစီးသံကလေးကမူ ကိုဆေးရိုး၏နားတွင်းသို့ ညင်ညင်သာသာကလေး ဝင်ရောက်နေသေးသည်။

အချိန်မှာ ကဆုန်လမှစ၍ ထွန်ရေးငင်ခဲ့ရသော လယ်သမားများ အနားယူကြရသောအချိန်ဖြစ်၏။ နွေတစ်ဝက်နှင့် တစ်မိုးလုံး ကုန်ခန်းခဲ့ရသော အားအင်တို့၏နေရာတွင် အင်သစ်အားသစ်ကိုလည်း မွေးရသောအချိန် ဖြစ်ပေသည်။

လယ်ကွင်းထိပ်တွင် ရပ်မိလျှင်ပင် ကိုဆေးရိုးတို့မှာ မျှော်လင့်ချက်သည် ဝင်းခနဲပြက်လာရ၏။ အားသစ်အင်သစ်သည် ဖြစ်ထွန်းလာသည်။ လန်းဆန်းလာသည်။ လေသွဲ့ရာနွဲ့ချီနေသော မြရောင်ရှိန်းရှိန်း ကွင်းလုံးစိမ်းနေသော စပါးပင်ပိန်းပိန်းကြီးများသည်ပင် ကိုဆေးရိုးတို့၏ အားသစ်ထွန်းရာ မျှော်လင့်ချက်ရိပ်ကွန်းမဟုတ်ပါလား။ သည်စပါးပင်တို့၏ ရင်ခွင်ကြားမှ မွေးဖွားလာသော စပါးနှံဖြိုးဖြိုးအက်အက်ကြီးများသည် မကြာမြင့်မီ နှစ်လအတွင်း၌ ရွှေ၏အဆင်းကိုဆောင်သော၊ ချစ်စဖွယ်အသွေးကိုဆောင်သော စပါးနှံများအဖြစ်သို့ ရောက်ရပေတော့မည်။ ထိုစပါးပုံများသည် မကျီးဒန်အတွက် ထသွားလာသွား လုံချည်အင်္ကျီကလေးများ၊ တဲကလေးကို ပြင်ဆင်ဖို့ရန် ဝါးဖိုး၊ လျှော်ဖိုးကလေးများ၊ ရုံတိုင်ဆွေးနေပြီဖြစ်သောလှည်းကို ပြင်ဆင်စရာ စသည် စသည်ဖြင့် သုံးစွဲစရာ၊ လုပ်ကိုင်စရာများအတွက် အလိုဖြည့်ပေးမည့် ပစ္စည်းများ ဖြစ်ချေသည်။

သို့ကြောင့်လည်း လယ်ထိပ်မှာရပ်လိုက်သည်နှင့် အားအင်သစ်ထွန်းလာရခြင်းဖြစ်၏။ ကန်သင်းပေါင်များပေါ်သို့ လျှောက်လိုက်ပြန်တော့လည်း ပန်းတော်နီမြက် ရွှန်းမြမြများသည် နှင်းဥဆွတ်ဆွတ်ဖြင့် ဆီးကြိုနေသည်။ ကန်သင်းပေါင်တွင် စူးထိုးစိုက်ထားသော ပဲငါးပိပင်များမှာလည်း ကော့ရရော့ဖြင့် နှင်းမိုးဝနေ၏။

ဤနှင်းရည်ဝနေသော ကန်သင်းပေါင်ပေါ်လျှောက်ကာ ကန်သင်းပေါင်များလုံရဲ့လားဟု ကြည့်ရသည်။ ပုစွန်နှင့် မြွေလက်ပတ်များ ဖောက်ထားသောအပေါက်ကိုတွေ့လျှင် ပိတ်၏။ ကန်သင်းထဲတွင် ရေနေများသည်ထင်လျှင် ရေတားသောအပေါက်ကို နှိမ့်ချ၍ နိမ့်နေသည်ထင်လျှင် မြှင့်ပေးရုံပဲရှိသည်။

ရာသီကား ဆောင်းလယ်၊ တာဝန်ကားကန်သင်းလျှောက်သော အလုပ်။ ငြိမ်းခြင်းနှင့် အေးချမ်းခြင်းတို့ ရောယှက်နေသောအခါမှာမှ ကိုဆေးရိုးက တရားနှင့်ယှဉ်သောအတွေးကို တွေးနေမိခြင်းဖြစ်သည်။ ကိုဆေးရိုးသည် ကန်သင်းခြေတွင်ကပ်နေသော စပါးပင်တစ်ပင်၏ ခြေရင်းရှိ ငွေချည်ဖြင့် ရက်ရှယ်ထားသလို ဖွေးဥနေသောအမြစ်ကလေးများကို ငေးကြည့်နေမိ၏။ ရေလျှဉ်သည်စပါးမြစ်ကြားမှ တိုးဝှေ့စီးဆင်းသွားသည်။ လက်သန်းခန့်ငါးကလေးများမှာလည်း ငြိမ့်ညောင်းသော ရေလျှဉ်ဝယ် မြူးထူးကူးခတ်နေ၏။ တောင်ဘက်လယ်ကွင်းထဲမှ မြက်ရိတ်သူမအချို့ ဟစ်လိုက်သောသီချင်းသံသည် မြောက်လေကိုဆန်၍ ပျံတက်လာသည်။

"အင်း... နွားတော့မွေးထားပြီး ကိုယ့်လယ်ထဲက မြက်ကို မရိတ်ဘဲ သူများလယ်ထဲ လိုက်ခိုးတဲ့ သူခိုးမတွေ..."

ကိုဆေးရိုးက ခေါင်းထောင်ကြည့်ကာ ရေရွတ်လိုက်၏။ စောစောက သိမ်မွေ့အေးဆေးနေသော ကိုဆေးရိုး၏မျက်နှာပြင်မှာ ယခုမူ တိမ်စင်ဆဲကာလကို ပျံဖြန့်လာသော တိမ်ညိုအုပ်နှယ်တင်းမာသွားလေသည်။ ယခုလိုရာသီသည် နွားစာခက်သောလဖြစ်၏။ ဒီလမျိုးမှာမှ သူတစ်ပါးလယ်ထဲကမြက်ကိုမှ လယ်ရှင်အလစ်ချောင်းပြီး လိုက်လံခိုးယူနေသူများကို အဘယ်မှာလျှင် မုန်းတီးစွာလှမ်းမျှော်မကြည့်ဘဲ နေနိုင်ပါမည်နည်း။ တလင်းတွင်းကစုပုံထားသော ကောက်ရိုးများမှာ လယ်စိုက်ပြီးချိန်တွင် ကုန်ခန်းသွားလေ့ရှိ၏။ နွားကျွေးစရာ ကောက်ရိုး မရှိသောအချိန်သည် ကန်သင်းပေါင်၌ မြက်မပေါက်သေးသောအချိန်နှင့်လည်း တိုက်ဆိုင်နေပြန်၏။ မိုးဦးကျက ပေါက်ထားသော မြက်ကလေးများမှာ ကန်သင်းဆွဲရာတွင် ကန်သင်းသစ်မြေအောက်သို့ ရောက် ကုန်၏။ နွားရှိသူတိုင်း ဂျင်ခြေလည်သောလ၊ လယ်ထဲကမြက်ကို စောင့်၍များပင် ကြည့်နေရသောလတည်း။

သည်နှစ်မူ ရွာကိုရေလွှမ်းသည့်အတွက် ကောက်ရိုးပုံများ ရေထဲသို့ မျောပါခဲ့ရသည်။ ရေထဲသို့ပါမသွားသော ကောက်ရိုးပုံများမှာလည်း ရေနူးပြီးသားနှင့် ရွှံ့ပေကျံနေသောကောက်ရိုး ဖြစ်သည့်အတွက် နွားမစားပေ။ ကိုဆေးရိုးတို့မှာ ရေနှိပ်စက်သွားသည်ကို ခံရ၊ နွားစာရှားရနှင့် အသက်ပင်ဖြောင့်ဖြောင့်မရှူနိုင်ခဲ့ပေ။ ထိုရက်များအတွင်းက ကိုဆေးရိုးတို့သည် ရေဒဏ်မရောက်သောရွာများမှ တောင်းရမ်း၍ရသော ကောက်ရိုးများကိုကျွေးရ၏။ ကောက်ရိုးရှားလေခါမှ နွားများက စားရိုးစားစဉ်စားသည်ကို အစားကြီးသည်ဟု ကိုဆေးရိုး ထင်လေသလား၊ နွားတွေကပဲ တကယ်အစားကြီးလာသလားတော့မသိ။ ကိုဆေးရိုးကတော့ "နွားတွေတော့ သရောခိုင်းနေပြီထင်တယ်"ဟု ရေရွတ်ခဲ့မိ၏။

"ကြံ့ကြံ့ဖန်ဖန်တော် နွားများ သရောခိုင်းရမယ်လို့ နိမိတ်မရှိနမာမရှိ"

မကျီးဒန်က ကန့်ကွက်ယူခဲ့ရ၏။ သို့ရာတွင် ကောက်ရိုးများမှာ ကုန်လွယ်လှ၏။ လယ်ထဲမှာမြက်မပေါမီ သည်ကောက်ရိုးများကုန်စင်သွားလျှင်ခက်တော့မည်။ ကိုဆေးရိုးမှာ လှည်းအဖော်လေးစီးနှင့်အတူ စောင်ရန်းတိုင်နှစ်တိုင်း တက်ခုတ်ရာ အနောက်တောသို့ မြက်ရှာထွက်ခဲ့ရသည်။ အနောက်တော၌ မျောက်မြားမြက်များ ပေါလှသည်။ ခြောက်စ၊ အစိမ်းရောင်ပြယ်စမြက်များကို အစည်းကလေးလုပ်ပြီး လှည်းဖြင့် အမောက်တင်ခဲ့ရ၏။ ကောက်ရိုးကုန်မှာစိုးသောကြောင့် မြက်ခြောက်နှင့် ရောကျွေးခဲ့ရသည်။

ကိုဆေးရိုးတို့ဒေသ၌ နွားစားကျက်ဟူ၍ သီးသန့်မရှိ။ လယ်မလုပ်ဘဲ နွားချည်းသာ မွေးမြူထားသူများအဖို့ ကောက်ရိုးများများ ဝယ်ထားနိုင်လျှင်ထား၊ မထားနိုင်လျှင် သူတစ်ပါး၏လယ်ထဲကမြက်ကို လျှောက်ခိုးဖို့ကလွဲ၍ အခြားနည်းမရှိချေ။ ယင်းနည်းလမ်းသည် ကိုဆေးရိုးတို့လို လယ်သမားများ ခံနိုင်စရာမရှိသည့်အပြင် ယခုလို မြက်ရှားပါးနေသေးသော ရာသီမှာဆိုလျှင် ရန်သူတော်ကြီးတစ်ပါးတည်း။

"တောက်...."

သူ့ဘာသာသူ တရားသဘောသက်ဝင်ပြီး အေးငြိမ်းနေသော ကိုဆေးရိုးမှာ မြက်ရိတ်သူမတို့၏တေးသံကြောင့် ဒေါသရိပ် လွှမ်းလာရ၏။ တက်ခေါက်ကာ ဒေါသတကြီး လှမ်းကြည့်နေမိသည်။ ကိုဆေးရိုးမှာ ပုစွန်လုံးခွံအခြောက်ကလေးများကို တက်နင်းမိသည်ကိုလည်း သတိမထားမိတော့။ နှင်းရည်ကလေးတွေဥနေသော ပဲငါးပိပင်များကိုနင်းမိကာ ခြေထောက်တစ်ခုလုံး ရွှဲရွှဲစိုနေသည်ကိုလည်း သတိမမူနိုင်တော့ဘဲ မြက်သူခိုးများ ရုတ်တရက်မမြင်နိုင်သော နေရာတစ်ခုတွင်ထိုင်ကာ မြက်များကို တဖြင်းဖြင်းနှင့် ဆွဲရိတ်နေမိ၏။

‘ သူ့ဘာသာသူ တရားသဘောသက်ဝင်ပြီး အေးငြိမ်းနေသော ကိုဆေးရိုးမှာ မြက်ရိတ်သူမတို့၏တေးသံကြောင့် ဒေါသရိပ် လွှမ်းလာရ၏။ တက်ခေါက်ကာ ဒေါသတကြီး လှမ်းကြည့်နေမိသည်။ ကိုဆေးရိုးမှာ ပုစွန်လုံးခွံအခြောက်ကလေးများကို တက်နင်းမိသည်ကိုလည်း သတိမထားမိတော့။ နှင်းရည်ကလေးတွေဥနေသော ပဲငါးပိပင်များကိုနင်းမိကာ ခြေထောက်တစ်ခုလုံး ရွှဲရွှဲစိုနေသည်ကိုလည်း သတိမမူနိုင်တော့ဘဲ မြက်သူခိုးများ ရုတ်တရက်မမြင်နိုင်သော နေရာတစ်ခုတွင်ထိုင်ကာ မြက်များကို တဖြင်းဖြင်းနှင့် ဆွဲရိတ်နေမိ၏ ’

မြက်တစ်ဖုတ်ကို လက်ကဆွဲဖမ်းလိုက်၊ မြက်သူခိုးများ လာနိုင်သော လမ်းကို လှမ်းကြည့်ရင်း တံစဉ်ဖြင့် ဆွဲဖြတ်လိုက်လုပ်နေစဉ် မိန်းမတစ်ယောက်သည် မြောင်းပေါင်ပေါ်သို့တက်လာ၏။

"အေး .. သိကြရောပေ့ါကွာ"

ကိုဆေးရိုးက စိတ်ထဲမှကျိတ်၍ ကြုံးဝါးလိုက်သည်။

မြောင်းပေါင်ပေါ်သို့တက်လာသော မိန်းမသည် ပုဆိုးစုတ်တစ်ထည်ကို ပခုံးတင်ထားကာဘွဲ့ဟောင်းတစ်ခုကို လက်ကတန်းလန်းဆွဲထား၏။ သူသည် သူခိုးမျက်စိဖြင့် ဟိုဟိုဒီဒီကြည့်နေကာ နှစ်ကိုယ်ကြားမျှ သီချင်းညည်းနေပေသည်။ မြက်သူခိုးဟုထင်ရသောမိန်းမသည် အတန်ကြာအောင် ဆက်လက်ရပ်နေပြီးမှ အောက်သို့ တဖြည်းဖြည်းဆင်းလာ၏။ ကိုဆေးရိုးသည် စပါးပင်များကြားမှ ကုန်းကုန်းကြီးထပြီး ထိုမိန်းမကိုလှမ်းကြည့်သည်။ မိန်းမမှာ သီချင်းကလေးတအေးအေးဖြင့် မျက်လုံးကစားပြီးနောက် စပါးပင်များကြားတွင် ထိုင်ချလိုက်၏။

ကိုဆေးရိုးသည် တံစဉ်ကိုကိုင်မြှောက်၍ ပြေးသွားကာ ခြေဖြင့်ဆောင့်ကန်လိုက်ချင်၏။ သို့ရာတွင် သူ့အားမတော်တရော်ပြုမူပါသည်ဟူ၍ အော်လိုက်သော်ဟူသောအတွေးက ခေါင်းထဲသို့ ဝင်လာသည့်အတွက် ကြွပြီးသားခြေလှမ်းမှာ ပြန်၍ကျသွား၏။

"ဒါဖြင့် ငါဒီလိုပဲ ခံနေရတော့မလား"

မှန်ပေသည်။ မည်သို့မျှမလုပ်ဘဲနှင့်လုပ်ပါသည် စွပ်စွဲတိုင်းထောင်ကျရလျှင် ထောင်ထဲတွင် လူတွေပြည့်နေတော့မည်။ သို့မို့ကြောင့် သူခိုးကို သူခိုးလိုပဲ ဆက်ဆံရပေတော့မည်ဟူ၍ ဆုံးဖြတ်ကာ စပါးပင်ပေါ်သို့ မိမိ၏ကိုယ်လုံးကြီး ပေါ်မလာအောင်ကုန်း၍ ချဉ်းကပ်လာခဲ့သည်။ မြက်ရိတ်သံသည် တဖြင်းဖြင်းနှင့် လေးလေးမှန်မှန် ထွက်ပေါ်နေ၏။ တဖြည်းဖြည်းနှင့် ကန်သင်းထိပ်သို့ ကိုဆေးရိုးရောက်လာသည်တွင် မိမိဘက်သို့ ကျောပေးကာ ပန်းတော်နီမြက်များကို သူခိုးပီပီ ခပ်သွက်သွက်ရိတ်ဖြတ်နေသော မိန်းမကို မြင်ရလေပြီ။ ကျောပြင်ကြီးကိုကြည့်ကာ ကိုဆေးရိုးက ကြုံးဝါးလိုက်မိ၏။ **(ဆက်လက်ဖော်ပြပါမည်)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၀၃ ဆူ | ၄၁၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၉ ခန်း | ၄၀၆ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၁ တိုင် | ၁၉ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၇ တိုင် | ၆၃ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၅ ကျင်း | ၂၀၈၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၈ ကျင်း | ၁၆၂၈. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသောင်းဌေး

**(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန)**

**အသက် (၆၁)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ သစ္စာလမ်း၊ ရှုခင်းသာအိမ်ရာ (F1–102) နေ (ဦးချစ်ဦး–ဒေါ်သန်းရင်)တို့၏သား၊ ဒေါ် အေးအေးမူ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမင်းမင်း–မသိင်္ဂီလင်း၊ ကိုအောင်အောင်၊ မဖြိုးဖြိုးတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မစိမ်းလဲ့ဝတ်ရည်၏ ချစ်လှစွာသောဘိုးဘိုးသည် ၇–၇–၂၀၂၂ (ကြာသပတေးနေ့) ည ၉ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၉–၇–၂၀၂၂ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄–၇–၂၀၂၂ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မြင့်မြတ်သောဘုံဌာနသို့ ရောက်ပါစေခြင်းအကျိုးငှာ ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းအမျှပေးဝေမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှမိုးကျော်

**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI ဥယျာဉ်မြို့တော်၊ အမှတ်(O–11)၊ သစ်ခွလမ်းနေ (ဦးကျော်လွင်)– ဒေါ်ကြည်ကြည်ဆွေတို့၏သားကြီး၊ ဦးဘချစ်–ဒေါ်ဥမ္မာလွင်တို့၏မောင်၊ (ဦးထင်အောင်ကျော်)–ဒေါ်ခင်ဥမ္မာစိုး၊ နန်းမြတ်သန္တာလွင်တို့၏အစ်ကိုသည် ၇–၇–၂၀၂၂ (ကြာသပတေးနေ့) ညနေ ၄:၁၀ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၉–၇–၂၀၂၂ (စနေနေ့) နံနက် ၁၁ နာရီတွင် အထက်ပါ နေအိမ်မှ ထိန်ပင်သုသာန်ခန်းမ(၁)သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၁–၇–၂၀၂၂ (တနင်္လာနေ့) နံနက် ၇ နာရီတွင် ရောက်ရာဘုံဘဝ၌ ချမ်းသာသုခရရှိစေခြင်းအကျိုးငှာ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းခဲဖွယ်စသည့် လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး အမျှပေးဝေလိုပါသဖြင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲခြင်း

## ဦးသက်တင်

**အသက်(၈၂)နှစ်**

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာလင်းနှင့် ဒေါ်ဝင့်သဇင်တို့၏ ဖခင်ကြီး ဦးသက်တင် အသက်(၈၂)နှစ်သည် ၇–၇–၂၀၂၂ (ကြာသပတေးနေ့) နံနက် ၃:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**(ဦးသီဟ)–အန်တီမိုး၊ ဦးထွန်းထွန်း–အန်တီပွင့်**
**ဦးဇော်မိုး–အန်တီဆင့်၊ ကိုသားကြီး–မဖြိုး**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးခင်မောင်ငွေ

**ဘူမိဗေဒပညာရှင်(ငြိမ်း)**

**အသက်(၈၄)နှစ်**

အမှတ်(၂၄၄/၁)၊ ဖိုးခေါင်လမ်း၊ (၁၄/၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်မြမြအေး၏ခင်ပွန်း၊ ဦးသန့်စင်ထူး–ဒေါ်ယဉ်မေပိုး (Max Myanmar Holding Co.,Ltd)တို့၏ဖခင် ဦးခင်မောင်ငွေ (ဘူမိဗေဒပညာရှင်–ငြိမ်း) အသက်(၈၄)နှစ်သည် ၅–၇–၂၀၂၂ (အင်္ဂါနေ့) နံနက် ၇:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Max Myanmar Holding Co.,Ltd မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

## မုဟာမ္မဒ်အီဆာ (ခ) ဦးသိန်းဝင်း

**တွဲဖက်အတွင်းရေးမှူး၊ အုပ်ချုပ်ရေးအဖွဲ့**
**ဒု–ဥက္ကဋ္ဌ၊ ကုရ်အာန်အသိပညာပြန့်ပွားရေးအဖွဲ့**
**တွဲဖက်အတွင်းရေးမှူး၊ ဘိုင်သုလ်မာလ်ကော်မတီ**
**ဆုတောင်းပြည့် အစ္စလာမ် ဝတ်ကျောင်းတော်**

**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ဉာဏလမ်း၊ (ပဲခူးလမ်း)၊ အမှတ်(၂)နေ ဒေါ်အေးအေးမော်၏ခင်ပွန်း မုဟာမ္မဒ်အီဆာ(ခ) ဦးသိန်းဝင်းသည် ၄–၇–၂၀၂၂ (တနင်္လာနေ့)တွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကွယ်လွန်သူ မုဟာမ္မဒ်အီဆာ(ခ)ဦးသိန်းဝင်း အလ္လာဟ်အရှင်မြတ်နှစ်သက်သဘောတူညီမှုဖြင့် ဂျန္နသ်အမတသုခဘုံသို့ ဝင်ရောက်စံမြန်းခွင့်ရရှိပါစေကြောင်း ဆုမွန်ဒုအာပြုပါသည်။

**ဘိုင်သုလ်မာလ်ကော်မတီ**
**ကုရ်အာန်အသိပညာပြန့်ပွားရေးအဖွဲ့**
**ဆုတောင်းပြည့်အစ္စလာမ်ဝတ်ကျောင်းတော်**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတား ဒါယကာကြီး

## ဦးသန်းအေး (ခ) စောပိန်းဝှါ

**အသက်(၇၃)နှစ်**

ရွှေလောင်းမြို့နေ (ဦးအော်ကဲ–ဒေါ်သိန်းခင်)တို့၏မြေး၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁၉)လမ်း၊ အမှတ်(၆၆)နေ (ဦးစစ်ကျင်–ဒေါ်ကျင်စိန်)တို့၏သားထွေး၊ ပုသိမ်မြို့နေ (ဦးပေကျွန်–ဒေါ်ငွေအင်း)တို့၏ သားသမက်၊ (ဒေါ်ကြည်ကြည်မြင့်–ဦးချစ်မင်း)တို့၏မောင်၊ မကာအိုမြို့နေ စောမြောင်ဝှာ–ဒေါ်မေပန်းတို့၏ညီ၊ ဒေါ်ကြည်အောင်–(ဦးကျော်မြင့်)၊ (ဒေါ်တင်ကြည်)၊ (ဒေါ်ဝင်းဝင်းကြည်–ဦးအောင်စိုးနိုင်)၊ ဒေါ်ဝေဝေလွင်–(ဦးမိုင်းတူး)တို့၏မောင်၊ ဒေါ်တင်တင်စန်း၏ ချစ်လှစွာသောခင်ပွန်း၊ မမေသူအေး၏ ချစ်လှစွာသောဖခင်၊ တူ/တူမ ၁၅ ယောက်တို့၏ဦးလေး၊ မြေး ခုနစ်ယောက်တို့၏အဘိုး ဦးသန်းအေးသည် ၆–၇–၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၉:၅၇ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၁၀–၇–၂၀၂၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဝင်းအောင် (စိန်ပေါလ်ကျောင်းသားဟောင်း)

**သမဝါယမအမှုဆောင်**

**အသက် (၇၁)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ်(၉၂၆)နေ (ဦးကျော်စိန်–ဒေါ်အမာ)တို့၏ဒုတိယမြောက်သား၊ ဦးသိန်းအောင် (မြန်မာ့မီးရထား–ငြိမ်း)–(ဒေါ်တင်တင်နွယ်)၊ (ဦးမြင့်အောင်–ဒေါ်အေးအေးမွန်)၊ ဦးတင့်အောင်(စာတိုက်–ငြိမ်း)–ဒေါ်ခင်ဌေးဌေး၊ ဦးလှအောင် (S.S.S Co., Ltd)–ဒေါ်မေသက်ဦး၊ ဦးခင်အောင်(လ/ထ မန်နေဂျာ–ငြိမ်း၊ MPA)–ဒေါ်သန်းသန်းလွင် (သ/မ–ငြိမ်း)တို့၏ ညီ/အစ်ကို၊ ဒေါ်ဌေးဌေးဝင်း၏ဦးလေး၊ ကိုကျော်စွာဝင်း၊ မကေသီဝင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး သုံးယောက်တို့၏အဘိုး၊ ဒေါ်တင်တင်စီ၏ခင်ပွန်း ဦးဝင်းအောင်သည် ၈–၇–၂၀၂၂ ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၀–၇–၂၀၂၂ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄–၇–၂၀၂၂ (ကြာသပတေးနေ့) နံနက်တွင် အမှတ်(၁၆၄)၊ သီတာလမ်း၊ ၈/ရပ်ကွက်၊ သာကေတ မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဦးအောင်မြင့် (ရွှေမြို့တော်ချစ်တီးစားတော်ဆက်)

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ ဒေါ်အန်ထော်နီမ၏ ချစ်လှစွာသောခင်ပွန်း၊ မပြည့်သင်ဇာထက်၊ မမေသူကျော်တို့၏ချစ်လှစွာသောဖခင်ကြီးသည် ၈–၇–၂၀၂၂ (သောကြာနေ့) နံနက် ၁၀:၂၈ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၉–၇–၂၀၂၂ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် စိန်အန်ထော်နီဘုရားကျောင်း၌ မစ္ဆားပူဇော်ပြီး ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲခြင်း

## ဦးသက်တင်

**အသက်(၈၂)နှစ်**

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာလင်း၏ ဖခင်ကြီး ဦးသက်တင် အသက်(၈၂)နှစ်သည် ၇–၇–၂၀၂၂ (ကြာသပတေး နေ့) နံနက် ၃:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)နှင့်**
**ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**ဝန်ထမ်းမိသားစုများ**

## ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅–ရပ်ကွက်၊ အနော်ရထာလမ်းမ၊ အမှတ်(၁/၇)၊ ၆–လွှာ (D)ဟု ခေါ်တွင်သည့် တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါ တိုက်ခန်းကို တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးနေလင်းအောင် [၁၂/ဗတထ(နိုင်)၀၀၁၇၃၁]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ဘော် (စဉ်–၄၀၃၅)**
**LL.B, DBL, DML, DIL, DLP, WIPO (Switzerland)**
**ဒေါ်အေးအေးစိုး(စဉ်–၅၈၂၇) B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်–၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁–လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09–501 7044**

## ဒေါက်တာဦးကျော် (မိုးကုတ်)

**အသက်(၈၁)နှစ်**

မိုးကုတ်မြို့၊ ဈေးဟောင်းရပ်နေ (ဦးရီ–ဒေါ်ရီလွမ့်)တို့၏သား၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း ၊ အမှတ်(၈၅/၈၇)၊ မြေညီထပ်နေ ဒေါက်တာဒေါ်ကြည်ကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာဦးအောင်ကျော်ညွန့်–ဒေါ်သဉ္ဇာထွန်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်မင်းသန့်ကျော်၊ မထက်အိန္ဒြေကျော်တို့၏ ချစ်လှစွာသောအဘိုး ဒေါက်တာဦးကျော်သည် ၆–၇–၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂–၇–၂၀၂၂ (အင်္ဂါနေ့) နံနက် ၆ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သိန်းရီ (ထားဝယ်)

**အသက်(၉၀)**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ယောမင်းကြီးလမ်း၊ အမှတ် (၅၅)နေ (ဦးစစ်လစ်–ဒေါ်မြမေ)တို့၏သမီးထွေး၊ (ဦးစုကြီး)၊ (ဒေါ်ကြင်ကြွေ)၊ (ဦးကြည်ဟန်–ဒေါ်ကျင်ပို)၊ (ဦးကင်းစိုင်–ဒေါ်ခင်ကြည်)၊ (ဦးဘွန်စွမ်–ဒေါ်ခင်မြ)၊ ဦးရန်ရှင်း–ဒေါ်ဂင်စိန်၊ (ဦးရန်လင်း)–ဒေါ်ချိုချိုယု၊ (ဦးဟိုဝါ–ဒေါ်ခင်ပို)၊ ဦးရန်ရှိန်–(ဒေါ်သောင်းညွန့်)– ဒေါ်ကင်မွေ၊ ဦးတိတ်ရန်–(ဒေါ်ခင်နီ)တို့၏ညီမသည် ၈–၇–၂၀၂၂ (သောကြာနေ့) နံနက် ၃:၃၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၀–၇–၂၀၂၂ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစိုးမြင့်ရှိန်

**မြို့နယ်သမဝါယမဦးစီးဌာနမှူး(ငြိမ်း)**

**အသက်(၇၈)နှစ်**

မင်းဘူးမြို့၊ ကမ်းနားလမ်း၊ ကံကြီးရပ်နေ (ဦးဟုတ်ရှိန်–ဒေါ်တင်အိ)တို့၏သား၊ မကွေးမြို့၊ အမှတ်(၃၀)၊ ဈေးလမ်း၊ ဈေးရပ်နေ (ဦးဟုတ်မြိုင်–ဒေါ်စန်း)တို့၏ သားသမက်၊ [ဒေါ်ခင်မြိုင်(ကုမုဒြာသက်န်းတိုက်)]၏ ချစ်လှစွာသောခင်ပွန်း၊ သန်လျင်မြို့နေ (ဦးထင်ကျော်–ဒေါ်မြစန်း)တို့၏မောင်၊ ရန်ကုန်မြို့နေ ဦးစိုးဝင်းရှိန်–ဒေါ်ခင်စန်းနွဲ့၊ ဦးဝင်းကိုရှိန်၊ ဦးဝင်းမြင့်ရှိန်တို့၏ အစ်ကိုကြီး၊ (ဖြူနွေအောင်စိုး)၊ နွေစန္ဒာစိုး၊ စိုးရွှေစင်တို့၏မွေးသဖခင်၊ မေဖုန်းသီတာရှိန်၏အဘိုးသည် ၇–၇–၂၀၂၂ (ကြာသပတေးနေ့) နံနက် ၆:၄၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၈–၇–၂၀၂၂ (သောကြာနေ့) ညနေ ၅ နာရီတွင် မကွေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**အမြန်ဆက်သွယ်ပါ**



ယာဉ်တိုက်မှုကြောင့် သေဆုံးသွားသော ပုံပါ အမျိုးသားအား သိရှိပါက ဖုန်း–၀၉–၄၂၂၅၇၆၈၅၉၆ / ၀၉– ၂၆၄၅၁၁၁၃၉ သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ အမှတ် – ၄၂၉/၄၃၇ (သိမ်ဖြူလမ်းနှင့် ၄၄ လမ်းကြား) (၆) ခန်းတွဲ (၈) ထပ်တိုက်မှ (၄ လွှာ/F) (တိုက်ဘက်သို့ မျက်နှာမူလျှင် ယာဘက်အစွန်/၄၄ လမ်းထောင့်) တိုက်ခန်းကို ပိုင်ရှင် ဦးဟာနစ် (၁၀/ကမရ (နိုင်) ၀၆၃၈၃၀) ထံမှ ဒေါ်မြတ်မိုးသူဇာ (၁၂/တမန (နိုင်) ၁၂၈၅၄၆) က ဝယ်ယူရန်အတွက် စရံငွေတစ်စိတ်တစ်ဒေကို ပေးချေထားပြီး ဖြစ်ပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါ တိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိသူ (သို့မဟုတ်) အကျိုးသက်ဆိုင်သူ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော မူရင်းစာရွက်စာတမ်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့်ကန့်ကွက်မည့်သူ မရှိပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြတ်မိုးသူဇာ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသိန်းထိုက် (LL.B) တရားလွှတ်တော်ရှေ့နေ** (စဉ်–၈၃၃၇)
အမှတ်–၅၈၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၂၁၀၂၈၁၆၁

**ကမ္ဘာ့အပူချိန်လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**- ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။**

**- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေး ရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။**

**- အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှု မပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂျပန်နိုင်ငံဝန်ကြီးချုပ်ထံသို့ ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း Mr. Shinzo Abe သေဆုံးမှုနှင့်ပတ်သက်၍ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂျပန်နိုင်ငံဝန်ကြီးချုပ်ထံသို့ ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း Mr. Shinzo Abe သေဆုံးမှုနှင့်ပတ်သက်၍ ဝမ်းနည်းကြောင်းသဝဏ်လွှာ ပေးပို့ထားပါသည်။ အဆိုပါသဝဏ်လွှာ အပြည့်အစုံမှာ-

**အဆွေတော်**

ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း Mr. Shinzo Abe သည် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၈ ရက်တွင် နာရာမြို့၌ သေနတ်သမားတစ်ဦး၏ လုပ်ကြံပစ်ခတ်မှုကြောင့် ကွယ်လွန်သွားသည့်သတင်းကို အံ့သြတုန်လှုပ်စွာကြားသိရသည့်အတွက် မိမိအနေဖြင့် လွန်စွာစိတ်မကောင်းဖြစ်မိပါသည်။ ယင်းဆင်ခြင်တုံကင်းမဲ့ပြီး သူရဲဘောကြောင်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့အနေဖြင့် ပြင်းထန်စွာရှုတ်ချပါသည်။

**စာမျက်နှာ ၉ သို့ ကော်လံ ၁ သို့** ❐

## နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) အထွေထွေအတွင်းရေးမှူးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇူလိုင် ၈**

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) အထွေထွေအတွင်းရေးမှူးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ☆

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) အထွေထွေအတွင်းရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

**ယနေ့** ဖတ်စရာ

**လေ့လာစရာအင်္ဂလိပ်စာ** စာမျက်နှာ ၁၈၊ ၁၉

ဆင်ဖြူကျွန်းအောင်သိန်း၏ ဝတ္ထုတို
**ဆားဖျက်လေတယ်** စာမျက်နှာ ၂၀

**အာဆီယံအမျိုးသမီးပြိုင်ပွဲ မြန်မာနှင့် ကမ္ဘောဒီးယား ယနေ့ကစားမည်** စာမျက်နှာ ၂၁

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက်ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၈**

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာ နေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့** ❖